ဗာဟုသစ္စဥ္စ တော် မင်္ဂလ မုတ္တမံ၊ အကြားအမြင်များခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၀၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်ခုနစ်ရပ်အောင်မြင်ရေး နိုင်ငံတော်အစိုးရဦးဆောင်မှုဖြင့်တက်ညီလက်ညီပူးပေါင်းဆောင်ရွက်မည်

ရန်ကုန် ဇန်နဝါရီ ၁၄

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၄ နာရီ မိနစ် ၅၀ တွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော ရွှေပြည်အေးဖွံ့ဖြိုးရေးရွာမှ ရှမ်းတိုင်းရင်းသား ခေါင်းဆောင် ဦးခွန်မိန်းခေါင်းဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ဝန်ကြီးချုပ်ရုံးဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယတပ်မတော်

စာမျက်နှာ ၇ ကော်လံ ၁ ✡



ပြည်သူများကျန်းမာရေးစောင့်ရှောက်မှုလွှမ်းခြုံပေးနိုင်ရေးနှင့်အရည်အသွေးတိုးမြှင့်ရေး နိုင်ငံတော်အစိုးရက နိုင်ငံတကာအဆင့်မီအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ မြန်မာ့ဓိတ်ကုသမားတော်ကြီးများ၏ သမိုင်းတွင်မည့်အောင်မြင်မှုများ တစ်မျိုးသားလုံးဂုဏ်ယူ သမိုင်းအစဉ်အလာကောင်းရှိသည့် ဆရာဝန်အသင်းကြီးဆက်လက်ရပ်တည်နိုင်ရေးကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၁၄

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက်ပိုင်းနာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ(အေ)၌ ကျင်းပသည့် မြန်မာနိုင်ငံဆရာဝန်အသင်း အကြိမ်(၅၀)မြောက် ဆရာဝန်ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍အမှာစကားပြောကြားသည်။

အခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းဝင်ဆရာဝန်များ၊ ပြည်ပမှတက်ရောက်လာကြသည့် မြန်မာဆရာဝန်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မိသားစုစိတ်ကိန်းအောင်း

အခမ်းအနား၌ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် သက်တမ်းကာလ(၅၅)နှစ် ရှည်ကြာစွာရပ်တည်ခဲ့ပြီဖြစ်သည့် မြန်မာနိုင်ငံဆရာဝန်အသင်းကြီး၏ အကြိမ်(၅၀)မြောက် ရွှေရတုဆရာဝန်ညီလာခံကြီးကို ယနေ့ခမ်းနားသိုက်မြိုက်စွာ အစဉ်အလာမပျက် ကျင်းပနိုင်ခြင်းသည် မြန်မာနိုင်ငံဆရာဝန်အသင်းကြီး၏ အလံတော်အောက်တွင် ဆရာဝန်ကြီးများ တစ်သွေးတည်း၊ တစ်သံတည်း၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ ခိုင်ခိုင်မြဲမြဲ ရပ်တည်ပြီး မိမိနိုင်ငံမိမိလူမျိုးအကျိုးစီးပွားအတွက် အမျိုးသားရေးစိတ်ဓာတ် တစ်နည်းအားဖြင့် မိသားစုစိတ်ဓာတ်ကိန်းအောင်းနေမှုကြောင့်ဖြစ်သည့်အပြင် အရေးကြီးလျှင်သွေးနီးသည်ဆိုသည့် မြန်မာဆိုရိုးစကားနှင့်အညီ သွေးစည်းညီညွတ်ကြခြင်းဖြစ်ကြောင်း။

မြန်မာ့ဆေးသိပ္ပံပညာ တိုးတက်မြင့်မားအောင်ကြိုးပမ်းရေးနှင့် ဆေးပညာရပ်များဖြင့် ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရေးတို့သည်လူ့ဘဝအတွက် အလွန်မွန်မြတ်သောရည်ရွယ်ချက်များဖြစ်သည်နှင့်အညီ ကျန်းမာရေးကဏ္ဍ၏ အမျိုးသားရေးအကျိုးစီးပွားဖော်ဆောင်မြှင့်တင်ရေး ရည်မှန်းချက်များလည်းဖြစ်သည်ဟု တစ်ဆက်တည်းပြောကြားလိုကြောင်း။

မနားမနေကြိုးပမ်း

ယနေ့နိုင်ငံတကာကို ကြည့်လျှင် နိုင်ငံတိုင်းနိုင်ငံတိုင်းသည် မိမိနိုင်ငံ၊ မိမိလူမျိုး၏အကျိုးစီးပွားတိုးတက်ဖြစ်ထွန်းစေရေးအတွက် နိုင်ငံရေး၊စီးပွားရေး၊ကုန်သွယ်ရေး၊ပညာရေး၊ကျန်းမာရေး၊လူမှုရေး၊ကာကွယ်ရေးမျက်နှာစာအသီးသီးမှာ အပြိုင်အဆိုင် မနားမနေကြိုးပမ်းဆောင်ရွက်နေကြသည့်မြင်ကွင်းကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ ✲

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

15-1 mmal 1 3/26/05, 7:43 PM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

နိုင်ငံတော်၏ရည်မှန်းချက်များ အောင်မြင်ရေးကြိုးပမ်း ဒေသဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီဆောင်ရွက်

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသနှင့် တောင်အာရှဒေသတို့၏ အလယ်ဗဟို၌ တည်ရှိနေသည်။ ယခုအခါ ဒေသတွင်းနိုင်ငံများအချင်းချင်း စီးပွားရေး၊ ကုန်သွယ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ဖြစ်ထွန်းလာလျက်ရှိရာ မြန်မာနိုင်ငံကိုဖြတ်သန်း၍ ဒေသတွင်းနိုင်ငံများနှင့် ကူးသန်းဆက်သွယ်နိုင်သည့် လမ်းမကြီးများဖောက်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိသည်။

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံများပူးပေါင်းလျက် ဒေသတွင်းစီးပွားရေး၊ ကုန်သွယ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍများ အထူးသဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရေးအတွက် နိုင်ငံများအကြား အစီအမံများ ချမှတ်ဆောင်ရွက်နေပြီ ဖြစ်သည်။

အလားတူပင် အိန္ဒိယ၊ မြန်မာနှင့် ထိုင်းနိုင်ငံဆက်သွယ်မည့် လမ်းမကြီးဖောက်လုပ်ရေးအပါအဝင် ပူးပေါင်းဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားရန်လည်း နိုင်ငံများအကြား အစီအမံများ ချမှတ်ထားပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီလ ၁၁ ရက်နေ့က တနင်္သာရီတိုင်း လောင်းလုံးမြို့နယ် ညောပြင်ပင်လယ်ရေနက်ဆိပ်ကမ်း တည်ဆောက်မည့်နေရာသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် တာဝန်ရှိသူများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မှာကြားရာတွင်–

“တနင်္သာရီတိုင်း ထားဝယ်ဒေသတွင် ပင်လယ်ရေနက်ဆိပ်ကမ်း တည်ဆောက်နိုင်မည့်အခြေအနေ၊ အိမ်နီးချင်းနိုင်ငံနှင့်ဆက်သွယ်မည့် လမ်းမကြီးဖောက်လုပ်နိုင်မည့်အခြေအနေနှင့် ယင်းအစီအစဉ်များနှင့်အတူ ထားဝယ်ဒေသအတွင်း စက်မှုလုပ်ငန်းကြီးများ ထူထောင်နိုင်မည့်အခြေအနေတို့ကို မျက်မြင် လေ့လာသိရှိနိုင်ရန် ယခုကဲ့သို့ ထားဝယ်ဒေသသို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း” ပြောကြားသွားသည်။

ထားဝယ်မြို့မှ ၄၃ မိုင်နှင့် ထားဝယ်မြစ်ဝမှ ၇ ဒသမ ၅ မိုင်အကွာရှိ ညောပြင်ကျေးရွာတွင် တန်ချိန် ၅၀၀၀၀ ဆံ့ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်မည့် ညောပြင်ပင်လယ်ရေနက်ဆိပ်ကမ်း ကုန်လှောင်ရုံနှင့် စက်မှုဇုန်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက် ရှိသည်။

အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ညောပြင်ပင်လယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ပြီးစီးပါက ဒေသဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

တနင်္သာရီတိုင်းသည် ဒုတိယကမ္ဘာစစ်ကာလက အိမ်နီးချင်းနိုင်ငံနှင့် ဆက်သွယ်သောလမ်းများ၊ ရထားလမ်းများရှိခဲ့သော်လည်း နောက်ပိုင်းကာလများတွင် အကြောင်းအမျိုးမျိုးကြောင့် လမ်းများ ပျောက်ပျက်သွားခဲ့ရသည်။

ယခုအခါတွင် မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ဆက်သွယ်ဆက်ဆံရေး တိုးတက်ကောင်းမွန်လာသည်နှင့်အညီ နိုင်ငံတကာနှင့် ဆက်သွယ်သည့်လမ်းများ ပြန်လည်တည်ဆောက်ရန် အခြေအနေများ ဖြစ်ပေါ်လာသည်။

တနင်္သာရီတိုင်း မောင်းမကန်ဒေသသည် ပင်ကိုသဘာဝအခြေအနေ မပျက်ယွင်းသေးသည့် ညီညာပြန့်ပြူးပြီး သာယာလှပသည့် သဲသောင်ပြင်များရှိသော ပင်လယ်ကမ်းခြေ အပန်းဖြေဒေသတစ်ခုဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတကာ၌ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တွင်ကျယ်ခေတ်စားလာသည်နှင့်အမျှ မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်ဖြစ်ထွန်းစေရေးအတွက် အားပေးဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ထားဝယ်ဒေသကို အခြေပြုပြီး နိုင်ငံတကာနှင့် ဆက်သွယ် ဆက်ဆံနိုင်မည့် ပင်လယ်ရေနက်ဆိပ်ကမ်းနှင့် လမ်းမကြီးတစ်ခုဖြစ်ထွန်းလာမည့် အခြေအနေဖြစ်ပေါ်လာရာ ထားဝယ်ဒေသအနေဖြင့် ဆက်သွယ်ရေးနှင့် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်သည်။

ထိုသို့သော အချိန်အခါတွင် ပင်ကိုရှိထားပြီးဖြစ်သည့် မောင်းမကန်ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းကို ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်ဖြစ်ထွန်းမှုနှင့် လိုက်လျောညီထွေစွာ အဆင့်မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ အာဏာပိုင်များက နိုင်ငံတော်၏ ရည်မှန်းချက်များ အောင်မြင်ရေး ကြိုးပမ်းသွားကြရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကဏ္ဍအလိုက် ပူးပေါင်းပါဝင်၍ တက်ညီလက်ညီဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်နိုင်ရန် နှိုးဆော်

ရန်ကုန် ဇန်နဝါရီ ၁၄

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်း ကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။ ရောင်စုံဓာတ်ပုံ ပြိုင်ပွဲအတွက် “ဖွံ့ဖြိုးသာယာ ပြည်မြန်မာ”နှင့် “ယဉ်ကျေးမှုအမွေ စောင့်ထိန်းလေ”ဟူ၍ ခေါင်းစဉ်နှစ်မျိုး သတ်မှတ်ပေးထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် လေးပုံစီ အထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ဝင်ရောက်ယှဉ်ပြိုင်

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ၁၀ လက်မ x ၁၂ လက်မနှင့်အထက် အရွယ် Print ပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်များက အလားတူပြိုင်ပွဲများ၌ ပထမ၊ဒုတိယ၊တတိယဆုရရှိခဲ့ကြသူများအား သီးသန့်အုပ်စုသတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုမရသေးသူများအတွက် ဆုရရှိမည့်အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်သည်။

ထိုက်ထိုက်တန်တန်ချီးမြှင့်မည်

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိပါက နဂူတစ်ကို တင်ပြနိုင်ရမည်၊ ဓာတ်ပုံနှင့်ဆိုင်ရာ အချက်အလက်များ Data နှင့် ဓာတ်ပုံအကြောင်းအရာ Caption တို့ကို သီးခြားစာရွက်ပေါ်တွင် ရေးသား၍ ပူးတွဲပေးပို့ရမည်။ သရုပ်ဆောင်သူများပါရှိလျှင် ၎င်းတို့၏ သဘောတူ ခွင့်ပြုချက် ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သော ဓာတ်ပုံသည် မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ပြည်တွင်း/ပြည်ပ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ခြင်း မရှိကြောင်း ဝန်ခံဖော်ပြချက် ပါရှိရမည်။ Digital ကင်မရာဖြင့် ရိုက်ကူးထားသောပုံများ ပေးပို့ယှဉ်ပြိုင်ရန်မလိုကြောင်း ကြေညာထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ၌ ပြိုင်ပွဲတစ်မျိုးစီတွင် ပထမ၊ ဒုတိယနှင့် တတိယဆုများအပြင် အထူးဆုများကိုပါ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ၂၀၀၄ ခုနှစ် မတ်လ ၂၇ ရက်တွင် ကျင်းပမည့် (၅၉)နှစ်မြောက် တပ်မတော်နေ့၌ ရန်ကုန်မြို့တွင် ဆုချီးမြှင့်မည်ဖြစ်သည်။ ကျန်အထူးဆုရရှိသူများကို သက်ဆိုင်ရာ တိုင်း၊ တပ်မဌာနချုပ်များ၌ ကျင်းပသော (၅၉)နှစ်မြောက်တပ်မတော်နေ့ အခမ်းအနားများ၌ ဆုချီးမြှင့်မည် ဖြစ်သည်။

ကြေညာချက်ထုတ်ပြန်ထား

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ (၂၂–၂၄)ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်မတိုင်မီ ပေးပို့ယှဉ်ပြိုင်ကြရန် သက်ဆိုင်ရာက ကြေညာချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြသ

ရန်ကုန် ဇန်နဝါရီ ၁၄

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင် (ကျောက်တံတား)က ကြီးမှူး၍ ဇန်နဝါရီ ၁၂ ရက် နံနက်က ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက်ရုံးတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးသောင်းညွန့်က အမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင် ဦးစီးအရာရှိ ဦးစိန်တိုး**(အောက်ပုံ)**က နယ်လှည့်စာကြည့်တိုက်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ လူငယ်နှင့် အနာဂတ် တာဝန်များအကြောင်းကို ဟောပြောပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုးထွန်းမြင့်က ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။ နယ်လှည့်စာကြည့်တိုက်ကို ဇန်နဝါရီ ၁၆ ရက်ထိ ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပညာရွှေတောင် စာအုပ်တိုက် ၉၀၊ ၉၂ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့၊ ဖုန်း–၂၄၂၈၃၃ က ထုတ်ဝေဖြန့်ချိသော ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလထုတ် ဂမ္ဘီရ သုတစာစုံ သူရဇ္ဇမဂ္ဂဇင်း အတွဲ(၄)၊ အမှတ်(၂) မျက်နှာဖုံး။ (က–ပ)



ဗန်းမော်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

ဗန်းမော်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၄ ရက်(စနေနေ့)နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရား တောင်ဘက်မုခ် မြန်မာ့သစ်လုပ်ငန်း ခမ်းမရုံ၌ ကျင်းပမည်ဖြစ်သည်။ အစည်းအဝေးတွင် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်က ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးရ ပုဂ္ဂိုလ်တို့အား ဂုဏ်ပြုပွဲတို့ကိုပါ တစ်ပါတည်း ကျင်းပမည် ဖြစ်သည်။ အသင်းဝင်များ၏ သားသမီးများသည် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူး တစ်ဘာသာ အထက် ရရှိသူများ အထောက်အထားများဖြင့် ဥက္ကဋ္ဌ ဦးစိန်မောင်၊ ဖုန်း–၅၄၃၃၀၄၊ ဒုတိယဥက္ကဋ္ဌ (၁) ဒေါက်တာဦးအေးမောင် ဖုန်း–၅၄၂၃၆၆ နှင့် ဘဏ္ဍာရေးမှူး ဒေါ်ထွေးထွေး ဖုန်း–၅၁၃၅၂၅ တို့သို့ ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

တက်ရောက်အမှာစကားပြော

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံဆရာဝန်အသင်း အကြိမ်(၅၀)မြောက် ဆရာဝန်ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

☼ ရှေ့ဖုံးမှ

ယခုကဲ့သို့ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကိုရှေ့တန်းတင်ပြီးကြိုးပမ်းဆောင်ရွက်နေကြသည့် အခြေအနေအချိန်အခါမျိုးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံအဖို့ မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေး၊ နိုင်ငံတကာ့အလယ်မှာဂုဏ်သိက္ခာရှိရှိတင့်တင့်တယ်တယ်ထည်ထည်ဝါဝါရပ်တည်နိုင်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် သူတစ်ပါးကိုအားကိုးမှု ထက်မိမိနိုင်ငံသူနိုင်ငံသားတိုင်းရင်းသား ပြည်သူများ၏ စုစည်းခိုင်မာသော စည်းလုံးမှုစွမ်းအားဖြင့် ကိုယ့်အားကိုယ်ကိုး၍မိမိနိုင်ငံ၊ မိမိလူမျိုး၏အကျိုးစီးပွားကိုဖော်ဆောင်မြှင့်တင်ပေးကြရမည်ဖြစ်ကြောင်း။

ယင်းအမျိုးသားရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်စေရေးအတွက် နိုင်ငံတော် အစိုးရအနေနှင့် မိမိနိုင်ငံသူနိုင်ငံသားပြည်သူများ၏ ပညာရည်ထူးချွန်ထက်မြက်မှု၊ စိတ်ရော ကိုယ်ပါကျန်းမာကြံ့ခိုင်သန်စွမ်းမှု၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မြင့်မားမှု၊မျိုးချစ်စိတ်ဓာတ်ရင့်သန်ခိုင်မာမှုတို့ကိုအခိုင်အမာတည်ဆောက်ပေးရင်းစုရုံးထက်မြက်သည့် လူမှုရေးစွမ်းအားများအဖြစ်ဖြစ်ထွန်းလာစေရအောင် စနစ်တကျစီမံဆောင်ရွက်ပေးလျက်လည်းရှိကြောင်း။

မိမိနိုင်ငံသူနိုင်ငံသား ပြည်သူများ၏ကျန်းမာကြံ့ခိုင်သန်စွမ်းမှုသည် မိမိနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်အားကိုယ်ကိုးကြိုးပမ်းစွမ်းဆောင်ပေးနိုင်မည့်အခြားအခြားသောစွမ်းအားများကိုပါ ပိုမိုပြည့်ဖြိုးခိုင်မာစေရုံမျှမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သည့် လူမှုရေး အခြေခံကောင်းတစ်ရပ်ဖြစ်ကြောင်း။

သုတေသနလုပ်ငန်းဖြစ်ထွန်း

ထို့ကြောင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်လွှမ်းခြုံပေးနိုင်စေရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးတိုးမြှင့်ပေးနိုင်စေရန်အတွက် ဆေးသိပ္ပံပညာရပ်များ ခေတ်နှင့်လျော်ညီစွာဖွံ့ဖြိုးတိုးတက်စေရအောင်၊ နိုင်ငံတကာမှာ တိုးတက်ဖြစ်ထွန်းနေသည့် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာရပ်များ၊ နိုင်ငံတကာအဆင့်မီရောဂါရှာဖွေရေး၊ ကုသရေးနှင့်ဆေးရုံသုံးပစ္စည်းများကို ကျန်းမာရေးကဏ္ဍမှာအချိန်နှင့် တစ်ပြေးညီအသုံးပြုနိုင်စေရအောင်၊ နိုင်ငံတကာအဆင့်မီ ထူးချွန်ထက်မြက်သည့် ကျန်းမာရေးဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင်၊ အရည်အသွေး မြင့်မားပြီး ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများတိုးတက်ဖြစ်ထွန်းနေစေရအောင် နိုင်ငံတော်အစိုးရကစနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိနေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ စနစ်တကျ ဦးဆောင်စီမံဆောင်ရွက်မှု၊ ဆရာဝန်ကြီးများအပါအဝင်ဆေးဘက်ဆိုင်ရာ ပညာရှင်ကြီးများ၏ အားထုတ်ကြိုးပမ်းမှု၊ ပုဂ္ဂလိကကဏ္ဍနှင့် လူမှုရေးအသင်းအဖွဲ့များအပါအဝင် တစ်မျိုးသားလုံး၏ အားထုတ်ကြိုးပမ်းမှုများပေါင်းဆုံပြီးမြန်မာ့ဆေးပညာလောက မြန်မာ့ကျန်းမာရေးကဏ္ဍ၏ တိုးတက်အောင်မြင်ဖြစ်ထွန်းမှုများသည် အားရဂုဏ်ယူဖွယ် အစီအရီဆင့်ပွားပေါ်ထွန်းလျက်ရှိနေပြီလည်း ဖြစ်ကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းတွင်သင်ကြားရေးဆေးရုံကြီးများ၊အထူးကုဆေးရုံကြီးများ၊ အထွေထွေရောဂါကု ဆေးရုံကြီးများ၊ ခုတင်(၃၅၀)ဆံ့၊ ခုတင်(၃၀၀)ဆံ့၊ ခုတင် (၂၅၀)ဆံ့ စသည့် ဆေးရုံကြီးများကို နိုင်ငံနှင့်အဝန်းမှာ တိုးချဲ့ဖွင့်လှစ်ပေးနေသကဲ့သို့ ပြည်နယ်၊ တိုင်းဒေသများ အားလုံးနှင့် ဖွံ့ဖြိုးရေးအထူးဒေသကြီး တိုင်းမှာခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံတစ်ရုံစီရှိစေရ အောင် တိုးမြှင့်ဖွင့်လှစ်ပေးလျက်လည်းရှိသည့်အတွက် ၁၉၈၈ခုနှစ်ကာလတုန်းက နိုင်ငံတော်အတွင်းတွင် ဆေးရုံပေါင်း ၆၁၇ရုံသာရှိခဲ့ရာမှ ယခုဆိုလျှင် ဆေးရုံပေါင်း ၇၆၃ ရုံအထိ ရှိလာခဲ့ပြီ ဖြစ်ကြောင်း။

ဆရာဝန်အင်အားအနေနှင့် ကြည့်မည်ဆိုလျှင်လည်း ၁၉၈၇ခုနှစ် ကာလတုန်းကတစ်နိုင်ငံလုံးတွင် ဆရာဝန် စုစုပေါင်း ၁၁၃၀၀ ဦးခန့်နှင့် နိုင်ငံ့ဝန်ထမ်းဆရာဝန်ပေါင်း ၃၂၀၀ ကျော်သာရှိခဲ့ရာမှ ၂၀၀၃ ခုနှစ် မတ်လအခြေအနေမှာ ဆရာဝန် စုစုပေါင်း ၁၈၀၀၀ ကျော်နှင့် နိုင်ငံ့ဝန်ထမ်း ဆရာဝန်ပေါင်း ၅၀၀၀ နီးပါးအထိတိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ဆရာဝန်ကြီးများ အပါအဝင် ကျန်း မာရေးဆိုင်ရာလူ့စွမ်းအား အရင်းအမြစ်များ တိုးတက် မွေးထုတ်ပေးနိုင်စေဖို့နှင့် အရည်အသွေး မြင့်မားသည့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်စေရန်အတွက်လည်း ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များကို တိုးချဲ့ထူထောင်ပေးလျက်ရှိကြောင်း။ ၁၉၈၈ ခုနှစ်တွင် ဆေးတက္ကသိုလ်သုံး ခု နှင့်သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် တစ်ခုသာရှိခဲ့ရာမှ ယခုဆိုလျှင် ဆေးတက္ကသိုလ်လေးခု၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှစ်ခု၊ သူနာပြုတက္ကသိုလ်နှစ်ခု၊ ဆေးဘက်ပညာသည်တက္ကသိုလ် နှစ်ခုနှင့်ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ်နှစ်ခုအပြင် အခြေခံကျန်းမာရေးတက္ကသိုလ်နှင့်တိုင်းရင်းဆေးတက္ကသိုလ် စုစုပေါင်းဆေးဘက်ဆိုင်ရာ တက္ကသိုလ် ၁၄ ခု အထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

အထူးလေးနှစ်စီမံကိန်း

ဆေးသိပ္ပံ ပညာသင်ကြားရေးတွင်နိုင်ငံတကာအဆင့်မီခေတ်မီသင်ကြားမှု သင်ယူမှု အထောက်အကူပြုပစ္စည်းများအသုံးချနိုင်စေရေးအတွက်ကျန်းမာရေး ကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ် စီမံကိန်းကို ရေးဆွဲချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

ထို့ကြောင့် ယနေ့ဆိုလျှင်ဆေးဘက်ဆိုင်ရာတက္ကသိုလ်အသီးသီးတွင် နိုင်ငံတကာ အဆင့်မီ ဓာတ်ခွဲခန်းများ၊ အီလက်ထရွန်နစ်နည်းပညာ အခြေပြုသည့် Resource Centre များ၊ e-Library များ တည်ထောင်ပြီးဖြစ်သည့်အပြင်၊ Internetနှင့် Intranetကွန်ရက်များ ထူထောင်ပေးထားပြီးဖြစ်သည့်အတွက် တစ်နေရာမှာခွဲစိတ်ကုသ သင်ကြားပြသနေမှုကို တစ်ချိန်တည်းမှာပင် အဝေးတစ်နေရာက ကြည့်ရှုလေ့လာသင်ယူနိုင်သည့် အခြေအနေမျိုးတွေ ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ထို့အပြင် အရည်အသွေးမြင့်မားသည့် ကျန်းမာရေးဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘွဲ့လွန်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးနေသည့်အတွက် ယခင်ခေတ်ကာလက ဘွဲ့လွန် ဒီပလိုမာသင်တန်းတစ်ခုနှင့် မဟာဘွဲ့သင်တန်း ၁၂ ခုသာ သင်ကြားပေးနိုင် ခဲ့ရာမှ ယခုဆိုလျှင် ဘွဲ့လွန်ဒီပလိုမာသင်တန်းခြောက်မျိုးနှင့် မဟာဘွဲ့သင်တန်း ၂၉ မျိုးအထိ လေ့ကျင့်သင်ကြားပေးနိုင်နေပြီဖြစ်ကြောင်း။

ယခင်ခေတ်ကာလက မရှိခဲ့သည့် ပါရဂူဘွဲ့ သင်တန်းများဆိုလျှင်လည်း ဆေးလက်တွေ့ အခြေခံပါရဂူဘွဲ့ (Ph.D)သင်တန်းခုနှစ်မျိုးနှင့် ဆေးလက်တွေ့ပါရဂူဘွဲ့ (Dr.Med.Sc) သင်တန်း ၃၀ တို့ကို ဖွင့်လှစ်ပေး နေပြီဖြစ်သည့်အတွက် မိမိတို့နိုင်ငံတော်အစိုးရလက်ထက်တွင် မိမိနိုင်ငံအတွင်း ပြုစုပျိုးထောင်မွေးထုတ်လိုက်သည့် Ph.D ပါရဂူဘွဲ့ရ ၁၇ ဦးနှင့် Dr.Med.Scပါရဂူ ဘွဲ့ရ ၅၅ ဦး၊ စုစုပေါင်း ပါရဂူဘွဲ့ရ ပညာရှင်၇၂ဦးပေါ်ထွန်းလာခဲ့ပြီ ဖြစ်ကြောင်း။

ထို့အပြင် ယူကေနိုင်ငံတော်ဝင် ကောလိပ်များဖြစ်သည့် တော်ဝင်သမားတော်များကောလိပ်၊ တော်ဝင်ကလေးအထူးကုဆရာဝန်များကောလိပ်၊ တော်ဝင်သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်များကောလိပ်နှင့် တော်ဝင် ခွဲစိတ်ကုဆရာဝန်များကောလိပ်တို့သို့ MRCP, MRCPH, MRCOG, FRCS နှင့် MRCS, ဘွဲ့သင်တန်းများ တက်ရောက်နိုင်စေရန် နိုင်ငံတော် အစိုးရကအားပေးဆောင်ရွက်လျက် ရှိသည့်အတွက် ၁၉၉၁ ခုနှစ် နောက်ပိုင်းကာလမှာ မြန်မာဆရာဝန်ကြီးများထဲတွင် MRCP၈၂ ဦး၊ MRCPH၂၈ဦး၊ MRCOG ၃၅ ဦး၊ FRCS၇၈ ဦးနှင့် MRCS ၁၀ ဦး စုစုပေါင်း ၂၃၃ ဦး ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

အဆင့်မြင့်ကုသမှုအောင်မြင်

ယခုကဲ့သို့ ဆေးသိပ္ပံပညာရပ်များ တိုးတက်ဖြစ်ထွန်းပြီး နိုင်ငံတကာအဆင့်မီ ထူးချွန်ထက်မြက်သည့် ဆရာဝန်ကြီးများ၊ သမားတော်ကြီးများ ပေါ်ထွန်းလာနေသည့် အခြေအနေအချိန်အခါကောင်းတွင် နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေး၊ ကုသရေးနှင့်ခေတ်မီဆေးရုံသုံးပစ္စည်းကိရိယာများအချိန်နှင့်တစ်ပြေးညီရရှိသုံးစွဲနိုင်စေရန် စီမံဖြည့်တင်းပေးလျက်လည်းရှိသည့်အတွက် ယခုဆိုလျှင် ခေတ်မီ ရောဂါစမ်းသပ်ရှာဖွေကုသရေးပစ္စည်း ကိရိယာများ ထိုက်သင့်အားလျော်စွာ ပြည့်စုံလုံလောက်နေသည်နှင့်အမျှ အဆင့်မြင့်ရောဂါရှာဖွေကုသမှုများကို အောင်အောင်မြင်မြင် ပြုလုပ်နိုင်နေပြီလည်းဖြစ်ကြောင်း။

ယခုအချိန်ကာလတွင် နှလုံးရောဂါ ရှာဖွေစမ်းသပ် ခွဲစိတ်ကုသမှုနှင့်ပတ်သက်ပြီး Cardiac Catheterization Unit, Angiogram, Heart Lung Machine စသည့် ခေတ်မီစက်ပစ္စည်းကိရိယာများ၊ ရောဂါစမ်းသပ်ရှာဖွေရေးနဲ့ ပတ်သက်ပြီး Magnetic Resonant Imaging, CT Scanner, Gamma Camera Probe Counter, X-Ray Machine with Fluroscopy, Mammogram စသည့် ခေတ်မီပစ္စည်းကိရိယာများ၊ သွေးနှင့်ဆီးရောဂါများနှင့်ပတ်သက်ပြီး Auto-analyzer၊ အဆင့်မြင့်ခွဲစိတ်ကုသမှုများနှင့်ပတ်သက်ပြီး C-Arm X-Ray with TV System, Hand Surgery Operating Microscope, Eye Operating Microscope, Neuro Surgical Operating Microscope, Ultrasonic Aspirator, Argon Plasma စသည့်ခေတ်မီခွဲစိတ်ခန်းသုံးပစ္စည်း ကိရိယာများကို တပ်ဆင်ပေးထားပြီးဖြစ်ကြောင်း။

ယင်းကဲ့သို့ ဘက်စုံကဏ္ဍစုံကနေပြီး ကျန်းမာရေးကဏ္ဍကြီးတစ်ရပ်လုံးဟန်ချက်ညီညီတိုးတက်ဖြစ်ထွန်းလာစေရအောင်နိုင်ငံတော်အစိုးရကစနစ်တကျနှင့်စီမံဖြည့်ဆည်းဆောင်ရွက်ပေးနေသည်နှင့်အမျှ အရည်အသွေးမြင့်မားသည့်လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်တိုးပွားပေါ်ထွန်းလာမှု၊ ဆေးသိပ္ပံပညာရပ်များ ပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်လာမှု၊ ဆေးရုံကြီးများမှာ ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အရည်အသွေးများ တိုးတက်မြင့်မားလာမှုစသည့် အကျိုးရလဒ်ကောင်းများ ဖြန့်ကြက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ထို့အပြင် ခေတ်မီဆေးရုံသုံး ပစ္စည်းကိရိယာများအချိန်နှင့် တစ်ပြေးညီရယူအသုံးပြုနိုင်မှုနှင့် ဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၏ ထူးချွန်ထက်မြက်မှု၊ ကြိုးပမ်းအားထုတ်မှုများ ပေါင်းစည်းပြီး သမိုင်းတွင်ရစ်မည့် ဆေးပညာရပ်ဆိုင်ရာစွမ်းဆောင်မှုအမျိုးမျိုးကို အောင်အောင်မြင်မြင် စွမ်းဆောင်နိုင်လျက်ရှိနေပြီလည်းဖြစ်ကြောင်း။

ဥပမာပြောရမည်ဆိုလျှင် နှလုံးရပ်ခွဲစိတ်ကုသမှု Open Heart Surgery နှင့် ကျောက်ကပ်အစားထိုးကုသမှု Kidney Transplant တို့ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာသာမက မန္တလေးမြို့အထွေထွေရောဂါကု ဆေးရုံကြီးမှာပါ ခွဲစိတ်ကုသပေးနိုင်နေပြီဖြစ်ကြောင်း။

အဆင့်မြင့်နှလုံးခွဲစိတ်မှုအောင်မြင်

ထို့အပြင် Cardiac Catheterization Laboratory နှလုံးရောဂါရှာဖွေစမ်းသပ်သည့်အဆင့်မြင့်စက်ကြီးများ အသုံးပြုပြီး ကျဉ်းနေသည့်သွေးကြောများကို Ballon ဖြင့်ချဲ့၍ ကုသမှုများ၊ PTCA&Stent Deployment ခေါ်သည့် သွေးကြောချဲ့ပြီး သတ္တုကွင်းစွပ်၍ ကုသပေးမှုများ၊ နှလုံးပိုက်ထည့်၍ ရောဂါရှာဖွေစမ်းသပ်ပေးမှုများစသည့် အဆင့်မြင့်နှလုံးခွဲစိတ်ကုသမှုများကို ရန်ကုန်မြို့တွင်သာမက မန္တလေးမြို့မှာပါ ဆောင်ရွက်နိုင်နေပြီဖြစ်ကြောင်း။

အလားတူပင် မြန်မာခွဲစိတ်ကုသမားတော်ကြီးများ၏ သမိုင်းတွင်ရစ်မည့်စွမ်းဆောင်အောင်မြင်မှုများဖြစ်သည့် ရင်ချင်းဆက်အမြွှာ ခွဲစိတ်ကုသမှု၊ တင်ပါးဆုံချင်းဆက် အမြွှာခွဲစိတ်ကုသမှုတို့ကို အောင်အောင်မြင်မြင် ခွဲစိတ်ကုသပေးနိုင်ခဲ့မှု၊ မြန်မာအရိုးအထူးကုသမားတော်ကြီးများအနေနှင့် လုံးဝပြတ်တောက်သွားသည့်လက်နှင့်ပြတ်တောက်လုတည်းတည်းဖြစ်နေသည့်လက်တို့ကို ခွဲစိတ်အဏုကြည့်မှန်ပြောင်း အသုံးပြုပြီးအဏုစိတ်ခွဲစိတ်ကုသကာနှစ်ကြိမ်တိုင်တိုင်အောင်မြင်စွာပြန်လည်ဆက်ပေးနိုင်မှုတို့သည် တစ်မျိုးသားလုံးအတွက် များစွာဂုဏ်ယူဖွယ်ပင်ဖြစ်ကြောင်း။

ရောဂါဆိုးကြီးများပျောက်ကွယ်

ရောဂါနှိမ်နင်းရေးနှင့် ပတ်သက်ပြီးလည်းဆရာဝန်ကြီးများအပါအဝင်ကျန်းမာရေးဆိုင်ရာအင်အားစုများသာမကစေတနာ့ဝန်ထမ်းလူမှုရေး အသင်းအဖွဲ့များနှင့်ပြည်သူများ၏ ပူးပေါင်းပါဝင်မှုများရယူပြီး လူထုလှုပ်ရှားမှုအသွင်ဖြင့်အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့သည့်အတွက် ယခင်ခေတ်အခါက ရှိခဲ့သည့် ကပ်ရောဂါ ဆိုးကြီးများသည် မြန်မာ့မြေပေါ်က တဖြည်းဖြည်းပျောက်ကွယ်စပြုနေပြီ ဖြစ်ကြောင်း။

၂၀၀၃ ခုနှစ်ထဲမှာပင် မြန်မာနိုင်ငံသည်အနာကြီးရောဂါကင်းဝေးသော နိုင်ငံ၊ ပိုလီယိုအကြောသေရောဂါကင်းစင်သော နိုင်ငံအဖြစ်ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က အသိအမှတ် ပြုကြေညာပေးခဲ့သည်အထိ အောင်မြင်ဖြစ်ထွန်းခဲ့သည်ကိုတွေ့နိုင်ကြောင်း။

အလားတူပင် မျက်ခမ်းစပ်နှင့် မျက်မမြင်ရောဂါ၊ ဆင်ခြေထောက်ရောဂါစသည့်ရောဂါများကိုလည်း ပြည်သူလူထု၏ကျန်းမာရေးပြဿနာအဖြစ်မှ အောင်မြင်စွာတိုက်ဖျက်ဖယ် ရှားနိုင်နေတာတွေ့ရကြောင်း။

အသည်းရောင်အသားဝါ(ဘီ)ရောဂါ၊(စီ)ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါစသည့် နိုင်ငံတကာမှ ကူးစက်ဝင်ရောက်လာသည့်ရောဂါဆိုးများကိုလည်း ထိန်းချုပ်နိုင်ဖို့ကြိုးစားအားထုတ်လျက်ရှိရာမှာ အထိုက်အလျောက်အောင်မြင်ဖြစ်ထွန်းနေပြီ ဖြစ်ကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ ❐

ဟက်ဘာနီယာမြို့အနီး ကန်ရဟတ်ယာဉ်တစ်စင်းပစ်ချခံရ သီတင်းနှစ်ပတ်အတွင်း တတိယမြောက်ပျက်ကျခြင်းဖြစ်

ဖော်လူဂျာ ဇန်နဝါရီ ၁၄

အမေရိကန်စစ်တပ်မှ အေအိတ်ချ် ၆၄ အပါချီ တိုက်ခိုက်ရေးရဟတ်ယာဉ်တစ်စင်းသည် ဘဂ္ဂဒက်မြို့အနောက်ဘက် ဟက်ဘာနီယာမြို့အနီးတွင် ဇန်နဝါရီ ၁၃ ရက်က ပစ်ချခြင်းခံခဲ့ရသော်လည်း ရဟတ်ယာဉ်ပေါ်ပါတပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာရမှုမရှိဟု ဆိုသည်။ အဆိုပါရဟတ်ယာဉ်သည် နှစ်ပတ်အတွင်း တတိယမြောက် ပစ်ချခံရသော ရဟတ်ယာဉ်ဖြစ်သည်။

ဇန်နဝါရီ ၁၃ရက်က ဟက်ဘာနီယာမြို့အနီး၌ အီရတ်တို့ပစ်ခတ်ခြင်းခံရသဖြင့် လယ်ကွင်းတစ်ခုအတွင်း ပျက်ကျခဲ့သည့် အမေရိကန် အပါချီရဟတ်ယာဉ်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဟက်ဘာနီယာမြို့သည် ဖော်လူဂျာမြို့မှ ၁၂ မိုင်အကွာ၌ ရှိသည်။ ဖော်လူဂျာမြို့အနီးတွင် လွန်ခဲ့သည့် အပတ်က ဘလက်ဟော့ခ်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာတွင် ရဟတ်ယာဉ်ပေါ်ပါရှိသူ တပ်ဖွဲ့ဝင် ကိုးဦးလုံး သေဆုံးခဲ့ရသည်။ ပဏာမစုံစမ်းချက်အရ မြေပြင်မှပစ်ချခြင်း ဖြစ်ကြောင်း စစ်ဘက်က ပြောကြားသည်။

အေအိပ်ချ်-၆၄ အပါချီတိုက်ခိုက်ရေးရဟတ်ယာဉ် ပျက်ကျမှုတွင် ရဟတ်ယာဉ်ပေါ်ပါရှိသူ တပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာရခြင်းမရှိကြောင်း၊ ထိုဒေသကို လုံခြုံရေးယူထားကြောင်း၊ ရဟတ်ယာဉ်သည် ရန်သူတို့၏ပစ်ချခြင်းခံရပုံရကြောင်း စစ်တပ် ပြောခွင့်ရှိသူက ပြောကြားသည်။

ဇန်နဝါရီ ၂ ရက်၌လည်း ဖော်လူဂျာအနီးတွင် ပြောက်ကျားများ ပစ်ချသဖြင့် အိုအိပ်ချ်-၅၈ ကီအိုဝါ စူးစမ်းလေ့လာရေး ရဟတ်ယာဉ်ပျက်ကျခဲ့သေးရာ ရဟတ်ယာဉ်မောင်း သေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရခဲ့သည်။ လွန်ခဲ့သော နိုဝင်ဘာလထဲ၌လည်း မိုဆူးလ်မြို့အနီးတွင် ဘလက်ဟော့ခ်ရဟတ်ယာဉ်နှစ်စင်းတိုက်မိပြီး ပျက်ကျခဲ့ရာ၌ တပ်ဖွဲ့ဝင် ၁၇ ဦးသေဆုံးခဲ့ရသည်။ **(အင်တာနက်)**

ဇန်နဝါရီ ၁၃ ရက်က အီရတ်နိုင်ငံ ရာမာဒီမြို့တွင် အိမ်တစ်အိမ်အတွင်း ဝင်ရောက် စစ်ဆေးမေးမြန်းနေသော အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်သို့စစ်လက်နက်ပစ္စည်းများ ရုရှားလျှို့ဝှက်ပို့ဆိုမှု မမှန်ကန်ကြောင်း ရုရှားအရာရှိများ ငြင်းဆို

မော်စကို ဇန်နဝါရီ ၁၃

ရုရှားနိုင်ငံသည် စစ်လက်နက်ပစ္စည်းများကို အီရတ်သို့ လျှို့ဝှက်စွာပို့ပေးခဲ့သည်ဆိုသော အမေရိကန်အရာရှိများ၏ မကြာမီက စွပ်စွဲပြောဆိုချက်များကို ရုရှားအရာရှိများက တနင်္လာနေ့တွင် မမှန်ကန်ကြောင်း ငြင်းဆိုလိုက်သည်။

အမေရိကန်ဦးဆောင်ပြီး အီရတ်ကိုကျူးကျော်ဝင်ရောက်ခဲ့သော အစဦးပိုင်းနေ့များအတွင်း အသုံးပြုခဲ့သော ထိုကဲ့သို့သတင်းသည် သည်းခံနိုင်မှုအတိုင်းအတာ ကုန်ဆုံးခဲ့ကြောင်း အမည်မဖော်သူ အရာရှိတစ်ဦးက ရုရှားသတင်းဌာနသို့ ပြောကြားသည်။

တိုက်တွန်း

အီရတ်သို့ စစ်လက်နက်ပစ္စည်းများပေးပို့ရာတွင် တိုက်ရိုက်ပါဝင်ပတ်သက်ခဲ့ကြသော ဗြိတိသျှ၊ ဒတ်ချ်၊ အမေရိကန်နှင့် အခြား အနောက်ကုမ္ပဏီများကို လူထုဆက်သွယ်ရေးက ပိုသတိထားရန် ၎င်းအရာရှိက တိုက်တွန်းပြောဆိုသည်။

လွန်ခဲ့သည့် မတ်လ၌ အီရတ်ကို ကျူးကျော်တိုက်ခိုက်စဉ် အမေရိကန်တပ်များအား ခြိမ်းခြောက်သည့် အဆင့်မြင့် စစ်လက်နက်ပစ္စည်းများ ဆက်ဒမ်ဟူစိန်အား ရုရှားက ရောင်းချခဲ့ကြောင်း ဘုရှ်အစိုးရ၏ စွပ်စွဲချက်များကို ပိုမိုခိုင်မာစေသည့် အထောက်အထားများ အမေရိကန်အရာရှိများ တွေ့ရှိခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန အဆင့်မြင့်အရာရှိက သောကြာနေ့၌ ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ယာဉ်မတော်တဆတိုက်မှု ကန်တပ်ဖွဲ့ဝင်တစ်ဦးဒဏ်ရာရ

ကဘူးလ် ဇန်နဝါရီ ၁၃

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်တွင် အာဖဂန်လောင်စာဆီတင်ကားနှင့် သောကြာနေ့ညပိုင်း၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး မောင်းလာသောကား ဝင်တိုက်မိသဖြင့် အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင် ဒဏ်ရာပြင်းထန်စွာ ရရှိသွားကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက စနေနေ့၌ ပြောကြားသည်။

ယာဉ်တိုက်မှုသည် သောကြာနေ့ညနေပိုင်း၌ ကဘူးလ်မြို့အနောက်ဘက်ဆင်ခြေဖုံးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တပ်ဖွဲ့ဝင် ဒဏ်ရာပြင်းစွာရရှိကြောင်း ဗိုလ်မှူးကြီး ဘရိုင်ယန်ဟီလ်ဖာတီက သတင်းထောက်များအား ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

သတင်းယူနေသော ရိုက်တာအမှုထမ်းသုံးဦး အမေရိကန်တပ်ဖွဲ့များက ဖမ်းဆီး

ဘဂ္ဂဒက် ဇန်နဝါရီ ၁၃

ဖော်လူဂျာအနီးတွင် ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ပြီးနောက် ရိုက်တာအမှုထမ်းသုံးဦးကို ဖမ်းဆီးပြီး ပြုမူဆက်ဆံပုံနှင့်ပတ်သက်၍ အမေရိကန်စစ်တပ်ကို တရားဝင်တိုင်ကြားခဲ့ကြောင်း ရိုက်တာသတင်းဌာနက တနင်္လာနေ့၌ ပြောကြားသည်။

တနင်္လာနေ့က ပြုလုပ်သော သတင်းစာရှင်းပွဲ၌ တိုင်ကြားမှုနှင့်စပ်လျဉ်း၍ မေးမြန်းသည့်အခါ စုံစမ်းနေဆဲဖြစ်ကြောင်း၊ စုံစမ်းမပြီးမချင်း ကောက်ချက်ကို ကြေညာမည်မဟုတ်ကြောင်း ဘဂ္ဂဒက်ရှိ အမေရိကန်စစ်တပ်က ပြောကြားသည်။

ပြန်လွှတ်

ရိုက်တာအမှုထမ်းသုံးဦးကို ဇန်နဝါရီ ၂ရက်၌ ဖမ်းဆီးပြီးနောက် ၇၂နာရီအကြာ၌ ပြန်လွှတ်ပေးလိုက်သည်။ စုံစမ်းစစ်ဆေးမှုကို အမြန် အပြီးသတ်ရန်နှင့် တိုင်ကြားချက်ကို အသေးစိတ်ပြန်ကြားပေးရန် အမေရိကန်စစ်တပ်အား ရိုက်တာက တောင်းဆိုထားကြောင်း ရိုက်တာပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဖမ်းဆီး

ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ရသော ရိုက်တာအမှုထမ်းသုံးဦးမှာ ဘဂ္ဂဒက်အခြေစိုက် ဓာတ်ပုံဆရာ ဆလမ်အူရေဘီနှင့် ဖော်လူဂျာအခြေစိုက် ရုပ်မြင်သံကြား သတင်းစာဆရာ အာမက်မိုဟာမက်ဟူစိန် အယ်လ်ဘာဒရာနီအပြင် ယာဉ်မောင်း ဆက်တာဂျာဘား အယ်လ်ဘာဒရာနီတို့ ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်၌ အမေရိကန်တပ်များ ကျူးလွန်သည့်ပြစ်မှုများ ဂျော်ဒန်ရှေ့နေများအဖွဲ့ ပြစ်တင်ရှုတ်ချ

အမ္မန် ဇန်နဝါရီ ၁၃

ယခင် အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်ကို စစ်သုံ့ပန်းအဖြစ်စဉ်းစားသော အမေရိကန်ပြည်ထောင်စု၏ ဆုံးဖြတ်ချက်သည် အီရတ်အား အမေရိကန်သိမ်းပိုက်မှု တရားမဝင်ဆိုသောအချက်ကို ပြောင်းလဲမည်မဟုတ်ကြောင်း ဂျော်ဒန်ရှေ့နေများအဖွဲ့က တနင်္ဂနွေနေ့၌ ပြောကြားလိုက်သည်။

ဆက်ဒမ်သည် အီရတ်၏ တရားဝင်သမ္မတဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုက အီရတ်ကိုသိမ်းပိုက်ခြင်းသည် တရားမဝင်ဖြစ်၍ ဆက်ဒမ်အပေါ် ဆုံးဖြတ်ချက်တစ်စုံတစ်ရာသည် ဥပဒေအရ တရားမဝင်သည့်အပြင် အတည်လည်းဖြစ်မည်မဟုတ်ကြောင်း ရှေ့နေအကြီးအကဲ ဟူစိန်မာဂျာလီက ပြောဆိုသည်။

မမှန်ကန်

ဆက်ဒမ်ဟူစိန် အမေရိကန်တပ်များလက်သို့ ကျရောက်သွားပြီး တစ်လအကြာ၌ ဆက်ဒမ်သည် အီရတ်စစ်တပ်၏ တပ်မှူးချုပ်ဖြစ်ခြင်းကြောင့် စစ်သုံ့ပန်းအဖြစ် စဉ်းစားကြောင်း ပင်တဂွန်က သောကြာနေ့၌ ပြောကြားခဲ့သည်။ အီရတ်၌ အမေရိကန်တပ်များကျူးလွန်သည့် ရာဇဝတ်မှုများကို မာဂျာလီက ပြစ်တင်ရှုတ်ချပြီး ဆက်ဒမ်ကို စစ်ဆေးမှုတစ်စုံတစ်ရာသည် နိုင်ငံတကာဥပဒေအရ မှန်ကန်မည်မဟုတ်ကြောင်း ပြောဆိုသည်။ ဆက်ဒမ်အား ဆွစ်ဇာလန်တရားရုံးသို့ပြောင်းရွှေ့ရန် မိမိတို့အဖွဲ့က လုပ်ဆောင်နေကြောင်း ၎င်းက ပြောဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

ကူဝိတ်၌ကျင်းပမည့် ဒေသဆိုင်ရာအစည်းအဝေး အီရတ်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်မည်

ဘဂ္ဂဒက် ဇန်နဝါရီ ၁၄

အီရတ်အရေးကိစ္စကိုဆွေးနွေးရန် ကူဝိတ်နိုင်ငံ၌ကျင်းပမည့် ဒေသဆိုင်ရာအစည်းအဝေးသို့ အီရတ်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်မည်ဖြစ်ကြောင်း အီရတ်နိုင်ငံခြားရေးဝန်ကြီး ဟိုရှေမာအယ်လ်ဇီဘာရီက ပြောကြားလိုက်သည်။

အီရတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ အစည်းအဝေးကို ကူဝိတ်နိုင်ငံ၌ ဖေဖော်ဝါရီ ၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မိမိတို့ တက်ရောက်မည်ဟု အယ်လ်ဇီဘာရီက စပိန် နိုင်ငံခြားရေးဝန်ကြီးနှင့် ပူးတွဲပြုလုပ်သော သတင်းစာရှင်းပွဲ၌ ပြောကြားသည်။ အီရတ်အခြေအနေကို မိမိတို့ ရှင်းပြမည်ဖြစ်ကြောင်း၊ အီရတ်ဆိုင်ရာ ဒေသဆက်သွယ်ရေးအုပ်စု ဖွဲ့စည်းရေးကို ကုလသမဂ္ဂအကြီးအကဲ ကိုဖီအာနန် ထောက်ခံရေးအတွက် ရှင်းပြမည်ဖြစ်ကြောင်း အယ်လ်ဇီဘာရီက ပြောဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဇန်နဝါရီ ၁၃ ရက်က ဖော်လူဂျာမြို့၌ အမေရိကန် တပ်ဖွဲ့ဝင်များ ပစ်ခတ်သဖြင့် မော်တော်ယာဉ်တစ်စီး ပျက်စီးနေသည်ကို အီရတ်တို့က ဝိုင်းအုံကြည့်ရှုနေစဉ်။ (ဖော်လူဂျာ၌ အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်သဖြင့် အီရတ် နှစ်ဦး သေဆုံးပြီး လေးဦး ဒဏ်ရာ ရရှိသွားသည်။) (ဓာတ်ပုံ-အင်တာနက်)

အပါချီရဟတ်ယာဉ်ပစ်ချခံရ

အီရတ်အနောက်ပိုင်း၌ ဇန်နဝါရီ ၁၃ ရက်က သီတင်းနှစ်ပတ်အတွင်း တတိယမြောက် အမေရိကန် အပါချီရဟတ်ယာဉ်တစ်စင်း ပစ်ချခံလိုက်ရပြီးနောက် အပိုင်းအစများကို အီရတ်နှစ်ဦးက ထုရိုက်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စိန်ပြောင်းများဖြင့် ပစ်ခတ်

ဇန်နဝါရီ ၁၂ ရက်က အီရတ်နိုင်ငံ ရာမာဒီမြို့အနီး အမေရိကန် တပ်ဖွဲ့ဝင်များက ၎င်းတို့ စစ်အခြေစိုက်စခန်းကို စိန်ပြောင်းများဖြင့် ပစ်ခတ်သည့်နေရာအား လိုက်လံရှာဖွေနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်အပါချီရဟတ်ယာဉ် ပြောက်ကျားတို့ပစ်ချ

ရာမာဒီအနီး ကန်အခြေစိုက်စခန်း စိန်ပြောင်းများဖြင့်ပစ်ခတ်ခံရ

အီရတ်၌ မတည်မငြိမ်မှုများ ဆက်လက်ဖြစ်ပွားနေ

မြန်မာ့အလင်း



ကင်းလှည့်

အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေမှာ ဆက်လက် ဆိုးရွားနေဆဲဖြစ်သည်။

(အပေါ်ပုံမှာ အမေရိကန်သံချပ်ကာယာဉ်တစ်စီး ကင်းလှည့်လျက်ရှိသည်ကို တွေ့ရစဉ်။) (ဓာတ်ပုံ-အင်တာနက်)

ပစ်ချ

ဇန်နဝါရီ ၁၃ ရက်က အီရတ် နိုင်ငံ ဟက်ဘာနီယာမြို့အနီး၌ ပြောက်ကျားတို့က ပစ်ချလိုက်သဖြင့်ပျက်ကျသွားသော ဒလက်မဲ့ အမေရိကန် အပါချီရဟတ်ယာဉ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျော့ဒဗလျူဘုရှ် နိုဝင်ဘာလ၌ပြန်အရွေးမခံရရေး ကုဋေကြွယ်သူဌေးကြီး ငွေကုန်ကြေးကျခံမည်

ဝါရှင်တန် ဇန်နဝါရီ ၁၃

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်သည် မတောင့်တအပ်သော အမေရိကန်တန်ခိုးအာဏာ အကြီးဆုံးဖြစ်ရေးကို ကြိုးပမ်းလုပ်ဆောင်နေကြောင်း ကုဋေကြွယ်သူဌေးကြီးဂျော့ချ်ဆိုရော့စ်က တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

ကုဋေကြွယ်သူဌေးကြီး ဂျော့ချ်ဆိုရော့စ်သည် နိုဝင်ဘာလတွင် သမ္မတဂျော့ဒဗလျူဘုရှ် ပြန်အရွေးမခံရရေးအတွက် ဒေါ်လာသန်းပေါင်းများစွာ အကုန်ကျခံရန် စီစဉ်လျက်ရှိသူဖြစ်သည်။

အသုံးချခဲ့

ဘုရှ်သည် အမေရိကန်တန်ခိုးအာဏာအကြီးဆုံး ဖြစ်ရေး စိတ်ကူးယဉ်အိပ်မက်ကို ကြိုးပမ်းရန်ဆင်ခြေအဖြစ် အကြမ်းဖက်မှုအပေါ် စစ်ပွဲဆင်နွှဲမှုနည်းလမ်းကို အသုံးချခဲ့ကြောင်း၊ ယင်းသည်မလုပ်ဆောင်ထိုက်သော၊ သို့မဟုတ် မတောင့်တထိုက်သော ကိစ္စဖြစ်ကြောင်း ဆိုရော့စ်က ပြောကြားသည်။

ကတိပြု

ဆိုရော့စ်၏ ငွေကြေးရန်ပုံငွေအဖွဲ့သည် ဒေါ်လာ ၁၁ ဒသမ ၅ ဘီလီယံ ရှိသော ကမ္ဘာ့အကြီးမားဆုံးတားဆီးကာကွယ်ရေး အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ဘုရှ်ကိုထိုးနှက်ရန်အတွက် ဆိုရော့စ်က သူ၏ ထိုးနှက်မှုတွင် ဒေါ်လာ ၁၂ ဒသမ ၅ သန်း ကုန်ကျခံမည်ဟု ကတိပြုထားသည်။ အီရတ်ကို ကျူးကျော်တိုက်ခိုက်ခြင်းသည် ဘုရှ်၏ တရားသေဝါဒ စံနမူနာ တစ်ခုဖြစ်ကြောင်း ဆိုရော့စ်က ပြောဆိုသည်။

အကယ်၍ ၂၀၀၄ခုနှစ်၌ ဘုရှ်ကို မိမိတို့ ပြန်ရွေးချယ်လျှင် မိမိတို့သည် ဘုရှ်၏ တရားသေဝါဒကို ထောက်ခံရာ ရောက်ပြီး အကျိုးဆက်များနှင့် မိမိတို့ လုံးထွေးရစ်ပတ်ရလိမ့်မည်ဖြစ်ကြောင်း ဆိုရော့စ်က ပြောဆိုသည်။

အမ်အင်အေ၊ ရိုက်တာ

အီရတ်စစ်ပွဲသည် မဟာဗျူဟာမြောက် အမှားဟု ကြည်းတပ်စစ်ကောလိပ် အစီရင်ခံစာ၌ ဖော်ပြ

မွန်ဂိုမာရီ ဇန်နဝါရီ ၁၃

အကြမ်းဖက်မှုအပေါ် ဆင်နွှဲသည့် ဘုရှ်အစိုးရ၏ စစ်ပွဲသည် ပရမ်းပတာနိုင်ကြောင်း၊ အီရတ်ကို ကျူးကျော်တိုက်ခိုက်ခြင်းသည် မဟာဗျူဟာမြောက်အမှားဖြစ်ကြောင်း ကြည်းတပ်စစ်ကောလိပ်မှ ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြထားသည်။

မခြိမ်းခြောက်ခဲ့

ကောလိပ်မှ ပါမောက္ခဂျက်ဖရီရက်ကော့ ရေးသားသည့် ယင်းသုတေသနပြုချက်တွင် သမ္မတဘုရှ်၏ ကတိပြုချက်များသည် လုပ်ပေးနိုင်သည်ထက် လွန်စွာပိုကြောင်း၊ ဆက်ဒမ်ဟူစိန်၏ အီရတ်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုကို မခြိမ်းခြောက်ခဲ့ကြောင်း၊ အကြမ်းဖက်မှုအပေါ် ဆင်နွှဲသည့်စစ်ပွဲမှ အာရုံအပြောင်းအလဲဖြစ်ကြောင်း ရေးသားထားသည်။

စူးစိုက်သင့်

ထို့ပြင် ရက်ကော့၏ အစီရင်ခံစာ၌ အကြမ်းဖက်မှုအပေါ်ဆင်နွှဲသော စစ်ပွဲသည် အလွန်ကျယ်ပြန့်ကြောင်း၊ အယ်လ်ခိုင်ဒါနှင့် အမေရိကန်ပြည်ထောင်စုအပေါ် အခြားခြိမ်းခြောက်မှုများကို စူးစိုက်သင့်ကြောင်း ဖော်ပြထားသည်။

မဖယ်ရှားနိုင်

အမေရိကန် ပြည်ထောင်စုသည် အယ်လ်ခိုင်ဒါကို ထိုးနှက်နိုင်ဖွယ်ရှိသော်လည်း ကမ္ဘာ့အကြမ်းဖက်မှုကို မဖယ်ရှားနိုင်ကြောင်း ရက်ကော့က ရေးသားသည်။

(အင်တာနက်)

ဇန်နဝါရီ ၁၃ရက်က အီရတ်နိုင်ငံ နာဆီရီယာမြို့ရှိ ပျက်စီးနေသည့် အီတလီစစ်အခြေစိုက်ရုံးရှေ့၌ အီတလီတပ်ဖွဲ့ဝင်တစ်ဦး စောင့်ကြပ်နေစဉ်။

(အဆိုပါ စစ်အခြေစိုက်ရုံးမှာ နိုဝင်ဘာ ၁၂ရက်က ကားဗုံးဖြင့် တိုက်ခိုက်ခဲ့ရပြီး အီတလီတပ်ဖွဲ့ဝင် ၁၉ဦး သေဆုံးသွားခဲ့သည်။)

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်တို့ကျူးကျော်စစ်ကြောင့် အီရတ်၌ အလုပ်အကိုင်ရှားပါး

ဘဂ္ဂဒက် ဇန်နဝါရီ ၁၄

ဘာဆာရာရှိ အီရတ်ရေတပ်အကယ်ဒမီ၌ စက်မှုအင်ဂျင်နီယာအတတ်ပညာ သင်ကြားခဲ့သော မိုဟာမက်ဂျာဝပ်သည် ယခုအခါ လုံခြုံရေးအစောင့်အလုပ်ကိုလည်းကောင်း၊ မှတ်ပုံတင်စာရွက်စာတမ်းများ စစ်ဆေးခြင်းအလုပ်ကိုလည်းကောင်း၊ တံခါးဖွင့်အလုပ်ကိုလည်းကောင်း လုပ်ခဲ့ရသည်။

အမေရိကန်တို့ ကျူးကျော်စစ်ကြောင့် အလုပ်အကိုင်ရရန် လမ်းမရှိသည်ကို မိမိကိုယ်မိမိ သိခဲ့ရကြောင်း၊ မိမိသည် အီရတ်ကာကွယ် ရေးဝန်ကြီးဌာန၏ အစိတ်အပိုင်း ဖြစ်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ အလုပ်မရှိသည်မှာ လေးလရှိခဲ့ကြောင်း၊ လုံခြုံရေးအလုပ်သည် မိမိ အလုပ်မဟုတ်မှန်းသိသော်လည်း ထိုအလုပ်ကထွက်လျှင် မိမိ၌စားစရာ ရှိမည်မဟုတ်ကြောင်း ၎င်းကပြောသည်။

အီရတ်လူမျိုး သန်းပေါင်းများစွာသည် အလုပ်လက်မဲ့ သို့မဟုတ် သန့်ရှင်းရေးသမား၊ အစောင့် သို့မဟုတ် ယာဉ်မောင်းအဖြစ် အရည်အချင်းနှင့်မကိုက်ညီသော အလုပ်ကို လုပ်ခဲ့ကြရသည်။ ဌားရမ်းခနှင့်အစားအစာအတွက်ပေးရန် ထိုသို့ လုပ်ဆောင်ရခြင်းဖြစ်သည်။

အီရတ်နိုင်ငံတွင် ယုံကြည်လောက်စရာ အလုပ်လက်မဲ့ကိန်းဂဏန်းမရှိသော်လည်းကုလသမဂ္ဂနှင့် ကမ္ဘာ့ဘဏ်တို့က အလုပ်သမားထု၏ ၅၀ရာခိုင်နှုန်း အလုပ်လက်မဲ့ဖြစ်ကြရကြောင်း အောက်တိုဘာလအတွင်းက ခန့်မှန်းခဲ့သည်။

(အင်တာနက်)

ဇန်နဝါရီ ၁၂ရက်က ဘဂ္ဂဒက်မြို့ လမ်းတစ်လမ်းတွင် လမ်းပိတ်ဆို့၍ လုံခြုံရေး ဆောင်ရွက်နေသော အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အမေရိကန်နိုင်ငံသားတစ်ဦး ဘာဆာရာတွင် အသတ်ခံရ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၃

အီရတ်၌ မွေးဖွားသော အမေရိကန်နိုင်ငံသားတစ်ဦးသည် ဘာဆာရာမြို့တွင် သေနတ်ပစ်ခံရပြီး သေဆုံးသွားကြောင်း ပြောရေးဆိုခွင့်ရှိသူက တနင်္ဂနွေနေ့၌ ပြောကြားသည်။ ၎င်းသည် အီရတ်တောင်ပိုင်း၌ အရပ်ဘက်အုပ်ချုပ်ရေးတွင် အလုပ်လုပ်ကိုင်နေသူ ဖြစ်သည်ဟုသိရသည်။

ထိုသူ၏အလောင်းကို အခြားတစ်ဦး၏ အလောင်းနှင့်အတူ စနေနေ့က တွေ့ရခြင်းဖြစ်ကြောင်း ယာယီပူးပေါင်းအာဏာပိုင်အဖွဲ့ ပြောခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ

အီရတ်စစ်ပွဲ အစောပိုင်း၌ ဗြိတိန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ရမှု ကျည်ကာအင်္ကျီလုံလောက်မှု မရှိခြင်းကြောင့်ဟု အစီရင်ခံစာ၌ဖော်ပြ

လန်ဒန် ဇန်နဝါရီ ၁၃

အီရတ်စစ်ပွဲအစောပိုင်းကာလတွင် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ရခြင်းသည် ကျည်ကာအင်္ကျီ လုံလောက်မှုမရှိခြင်းကြောင့်ဖြစ်ကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီး ဂျော့ဖ်ဟွန်းထံသို့ ယမန်နေ့ညက ပေးပို့သည့်စာ၌ ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ထိုအဖြစ်အပျက်နှင့် စပ်လျဉ်း၍ ပဏာမမှတ်စုကို လက်နက်ကိုင်တပ်ဖွဲ့များဝန်ကြီး အာဒမ်အင်ဂရမ်က သူ့အားပေးခဲ့ကြောင်း လက်ထောက် ကာကွယ်ရေးဝန်ကြီး နီကိုလပ်စ်ဆို အမေက်စ်က ပြောကြားသည်။

ဖော်ပြ

တပ်ကြပ် စတီဗင်ရောဘတ် သေဆုံးရသည့်အကြောင်းရင်း အတည်ပြုချက်ကို နီကိုလပ်စ်ဆိုအမေက်စ်က ကာကွယ်ရေးဝန်ကြီး ဂျော့ဖ်ဟွန်းထံ ပေးပို့သည့်စာ၌ ရေးသားဖော်ပြခဲ့သည်။

တင်ပြ

တွေ့ရှိချက်များအရ အကယ်၍ မှန်ကန်သော အကာအကွယ်ပစ္စည်း စတီဗင်ရောဘတ်၌ရှိခဲ့လျှင် သူသည် သေဆုံးခဲ့မည်မဟုတ်ကြောင်း မစ္စတာဆိုအမေက်က ရှင်းလင်းတင်ပြထားသည်။

စစ်ဆေးရမည်

တပ်ကြပ်စတီဗင်ရောဘတ် သေဆုံးရခြင်းသည် အချင်းချင်း မှားယွင်းပစ်ခတ်သည့် ကိစ္စဖြစ်ခြင်းကြောင့် သူ၏ သေဆုံးမှုသည်စစ်ရဲအဖွဲ့၏ စုံစမ်းစစ်ဆေးရမည့်ကိစ္စဖြစ်သည့်ပြင် စုံစမ်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးရမည်ဖြစ်ကြောင်း ကာကွယ်ရေး သတင်းရပ်ကွက်များက ပြောဆိုသည်။

ဗြိတိသျှတပ်ဖွဲ့ဝင်များရှိသည့် အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် အီရတ်တို့၏ နည်းလမ်းမျိုးစုံဖြင့် ခုခံတိုက်ခိုက်မှုများကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်များ သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။

(အင်တာနက်)

စစ်ယာဉ်တန်းနံဘေးဗုံးကွဲ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၁၃

ဘဂ္ဂဒက်မြို့လယ်ကောင်တွင် အမေရိကန်စစ်ယာဉ်တန်းတစ်ခု၏ နံဘေး၌ ဗုံးတစ်လုံးပေါက်ကွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားနှစ်ဦးဒဏ်ရာရရှိကြောင်း အမေရိကန်စစ်တပ်က ပြောကြားသည်။

တပ်ဖွဲ့ဝင်များမှာ အမှတ်(၁)သံချပ်ကာကားတပ်မမှဖြစ်ကြောင်း စစ်တပ်က ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။ **အမ်အင်အေ၊ရိုက်တာ**

အမေရိကန်တို့ပစ်ခတ် အရပ်သားခြောက်ဦးဒဏ်ရာရ

ရာမာဒီ ဇန်နဝါရီ ၁၃

ရာမာဒီမြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်များက ၎င်းတို့၏ယာဉ်တန်း တိုက်ခိုက်ခံရသည်ကို ပြန်လည်ပစ်ခတ်သဖြင့် အီရတ်အရပ်သား ခြောက်ဦး တနင်္လာနေ့က ဒဏ်ရာရရှိသွားကြောင်း ဒေသခံများက ပြောဆိုသည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏စစ်ယာဉ်လမ်းဘေး ဗုံးဖောက်ခွဲခံရရာမှ ပရမ်းပတာ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောဆိုသည်။ ထို့နောက် တပ်ဖွဲ့ဝင်များသည် ထိုနေရာရှိ နေအိမ်များကို အတင်းဝင်ရောက်စီးနင်းခဲ့ကြသည်ဟု ဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

စက်မှုစွမ်းအား ခေတ်ကျော်လွှား

တွေ့ဆုံ နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှမ်းတိုင်းရင်းသားခေါင်းဆောင် ဦးခွန်မိန်း ခေါင်းဆောင်သော အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ အစိုးရ အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့အဖွဲ့အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ကြိုဆိုထောက်ခံပါကြောင်းနှင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့်မူဝါဒ လမ်းစဉ်များ အောင်အောင်မြင်မြင် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက် ကြမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းရင်းသားခေါင်းဆောင်များက ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးနှင့် စီးပွားရေးလုပ်ငန်းများကို တင်ပြဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❒ **စာမျက်နှာ ၃ မှ**

အထူးသဖြင့် ၂၀၀၃ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးကို ဖြန့်ကြက်ကူးစက်ခဲ့သည့် SARS လို့ခေါ်သည့် ကူးစက် မြန်ပြင်းထန်နမိုးရီးယား(အဆုတ်ရောင်) ရောဂါဆိုးကြီးကို အမိမြေပေါ်လုံးဝကူးဝင်လာခြင်းမရှိရအောင် ကျန်းမာရေးဆိုင်ရာ ပညာရှင်များနှင့်တကွ ပြည်သူတစ်ရပ်လုံးက ကျန်းမာရေးအသိစိတ်ဓာတ်ဖြင့် လက်တွဲ ပူးပေါင်းကာကွယ်နိုင်ခဲ့ခြင်းသည် မြန်မာပြည်သူတို့၏ ထူးခြားသည့်အောင်ပွဲဟု ဆိုရမည်ဖြစ်ကြောင်း။

နိုင်ငံတကာသို့ကြေညာနိုင်

ကမ္ဘာ့လူသားများအားလုံးကို ခြိမ်းခြောက်အန္တရာယ်ပြုနေသည့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ(HIV-AIDS)တားဆီးနှိမ်နင်းရေးကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တားဆီးကာကွယ်လျက်ရှိရာမှာ နိုင်ငံတော်အစိုးရဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားပြည်သူများ အားလုံးသည် နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ လက်တွဲပူးပေါင်းပါဝင် လျက်ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိသည့်အတွက် အောင်မြင်တိုးတက်ဖြစ်ထွန်းမှုများကို ၂၀၀၃ခုနှစ် နိုဝင်ဘာအတွင်းမှာပင် **“ပထမအကြိမ် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးလှုပ်ရှားမှုပြပွဲကြီး”**ဖြင့် မြန်မာနိုင်ငံပြည်သူများကို ပညာပေးနိုင်သည့်ပြင် နိုင်ငံတကာသို့လည်း ထုတ်ဖော်ကြေညာနိုင်ခဲ့ကြောင်း။

ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှာ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံဆရာဝန်များအသင်းစသည့် လူမှုရေးအသင်းအဖွဲ့များကလည်း မိခင်နှင့်ကလေးသေနှုန်း ကျဆင်းရေးလုပ်ငန်းများ၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုနှင့် သားဖွားလုပ်ငန်းများ၊ မျိုးဆက်ပွား ကျန်းမာရေးလုပ်ငန်းများ၊ ခုခံအားကျဆင်းမှု၊ ကူးစက်ရောဂါတားဆီးနှိမ်နင်းရေးလုပ်ငန်း၊ ကလေးငယ်များ အာဟာရပြုစုပျိုးထောင်ရေးလုပ်ငန်းများ၊အိုင်အိုဒင်းချို့တဲ့ရောဂါကာကွယ်ရေးလုပ်ငန်းများစသည့် အမျိုးသမီးများ၊ ကလေးများနှင့် လူငယ်လူရွယ်များအတွက် ကျန်းမာကြံ့ခိုင်ရေး လှုပ်ရှားမှုဆောင်ရွက်မှုများမှာ တက်တက်ကြွကြွ အောင်အောင်မြင်မြင် ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိတာကိုလည်း တွေ့မြင်နေရပြီဖြစ်ကြောင်း။

တက်ညီလက်ညီကြိုးပမ်း

ယင်းကဲ့သို့ နိုင်ငံတော်အစိုးရ၏ အမျိုးသားကျန်းမာရေးအဆင့်အတန်း မြှင့်တင်ရေးနှင့် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်မှုများ သိသာထင်ရှားစွာ အောင်မြင် ဖြစ်ထွန်းနေပြီဖြစ်သည့် ယနေ့အချိန်အခါမှာ ရရှိဖြစ်ထွန်းနေသည့် အောင်မြင်တိုးတက်မှုအရှိန်အဟုန်ကိုမြှင့်တင်ပေးနိုင်စေရေးအတွက် ဆရာဝန်ကြီးများအားလုံးက ညီညွတ်တက်ကြွစွာ တက်ညီလက်ညီ ဆက်လက် ကြိုးပမ်းစွမ်းဆောင်ပေးကြပါလို့ ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရ၏ မွန်မြတ်မြင့်မားသည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ရည်မှန်းချက်များ တင်းပြည့်ကျပ်ပြည့် အောင်မြင်ဖြစ်ထွန်းရေး၊ ကျယ်ပြန့် နက်ရှိုင်းသည့် အမျိုးသားကျန်းမာရေး စီမံကိန်းလုပ်ငန်းများ အကောင်အထည် ပေါ်ဖြစ်ထွန်းရေးတို့သည် ဆရာဝန်ကြီးများ၏ ထူးချွန်ထက်မြက်သည့် အရည်အသွေး၊ မြင့်မားခိုင်မာသည့် အမျိုးသားရေး သန္နိဋ္ဌာန် စိတ်ဓာတ်၊ ထက်သန် တက်ကြွသည့် ကြိုးပမ်းအားထုတ်မှု၊ ဝီရိယစွမ်းအားနှင့် စွမ်းဆောင်ရည်များအပေါ် အဓိကတည်မှီလျက်ရှိနေပြီ ဖြစ်ကြောင်း။

ယနေ့အချိန်ကာလသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးနိုင်ငံတကာ အလယ်မှာ တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရင်ပေါင်တန်းရပ်တည်နိုင်ရေးအတွက် အဓိကစွမ်းအားရှင်များဖြစ်သည့် ကျန်းမာကြံ့ခိုင် သန်စွမ်းပြီး စွမ်းဆောင်ရည် မြင့်မားထက်မြက်သည့်အပြင် အမျိုးသားရေးစိတ်ဓာတ်အားကောင်းသည့် ကျန်းမာရေးဆိုင်ရာ ပညာရှင်များကို အခိုင်အမာ ပြုစုပျိုးထောင်တည်ဆောက်ပေးနိုင်စေရန် အလွန်လိုအပ်လျက်ရှိသည့်အချိန်အခါဖြစ်သည်နှင့်အညီ ဆရာဝန်ကြီးများအားလုံးကလည်း စုစည်းညီညာသော စွမ်းပကားဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုအရှိန်အဟုန်မပျက်ဆက်လက်ကြိုးပမ်း ပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

ခိုင်ခိုင်မြဲမြဲဆက်လက်ရပ်တည်

သမိုင်းအစဉ်အလာကောင်းခဲ့သည့် မြန်မာနိုင်ငံ ဆရာဝန်အသင်းကြီးကိုလည်း အမျိုးသားရေးမျက်နှာစာမှာ နိုင်ငံ့အကျိုးပြုလုပ်ငန်းများကို ထိရောက်ထက်မြက်စွာ စွမ်းဆောင်မြှင့်တင်ပေးနိုင်မည့် တိုင်းကျိုးပြည်ဆောင်အဖွဲ့အစည်းကြီးတစ်ရပ်အဖြစ်ခိုင်ခိုင်မြဲမြဲဆက်လက်ရပ်တည်နိုင်စေရအောင် ကြိုးပမ်းအားထုတ်သွားကြပါဟု ဆရာဝန်ကြီးများ အားလုံးကို ထပ်လောင်း တိုက်တွန်းလိုကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် နိုင်ငံတကာ အလယ်မှာ တည်ငြိမ်ခိုင်ခံ့ဝင့်ကြွားစွာ ခိုင်ခိုင်မြဲမြဲ ရပ်တည်နိုင်စေရေးအတွက် တစ်မျိုးသားလုံးလက်တွဲလျှောက်လှမ်းကြမည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ကြီး ခုနစ်ရပ်အောင်မြင်စွာ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရေးအတွက်လည်း ဆရာဝန်ကြီးများအားလုံးက ပြည်ထောင်စုဖွား တိုင်းရင်းသား မြန်မာလူမျိုးများပီပီ တက်ညီလက်ညီ ပါဝင်ကြိုးပမ်း စွမ်းဆောင်ပေးကြပါဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့် ပြောကြားလိုသည်မှာ–

- **မြန်မာနိုင်ငံ ဆရာဝန်အသင်းကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲပြီး မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးစီးပွားတိုးတက်ဖြစ်ထွန်းစေရအောင် ဆတက်ထမ်းပိုးတိုးပြီး သယ်ပိုးရွက်ဆောင်နိုင်ကြပါစေ၊**
- **မိမိ နိုင်ငံသူ နိုင်ငံသား ပြည်သူများကို ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး စွမ်းဆောင်ရည်ထက်မြက် မြင့်မားတဲ့ နိုင်ငံကြီးသားများ ဖြစ်လာစေအောင် မိမိတို့ တတ်သိကျွမ်းကျင်ရာ ဆေးပညာရပ် စွမ်းပကားဖြင့် ကျန်းမာရေး စောင့်ရှောက်မှု မြင့်မြင့်မားမားပေးနိုင်ကြပါစေ**

ဟု ဆန္ဒပြုပါကြောင်း ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညီလာခံဖွင့်ပွဲအခမ်းအနားအပြီးတွင် ဆေးနှင့်ဆေးပစ္စည်း ပြခန်းများဖွင့်ပွဲကို မြန်မာနိုင်ငံ ဆရာဝန်အသင်းဝင်းအတွင်းရှိ ပြခန်းများရှေ့၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က ဖဲကြိုးဖြတ်၍ ပြခန်းများကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးများနှင့်ဧည့်သည်တော်များသည် ဆေးနှင့်ဆေးပစ္စည်း ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ယဉ်ကျေးမှုဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၄

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mrs. Meng Xiao Si နှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံသည်။ (အောက်ပုံ)

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းနှင့် သံရုံးအဖွဲ့ဝင်များလည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၅–၁–၂၀၀၄
(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၆။ အကပဒေသာ
- ၈:၂၀ ၇။ ရွှေလီတံတား
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Let's Go
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) [သတ္တဗေဒ]
- ၁၇:၁၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၁၇:၃၀ ၇။ မြန်မာစာ မြန်မာစကား
- ၁၇:၄၅ ၈။ တေးဂီတအစီအစဉ်
- ၁၈:၀၀ ၉။ **“အနိုင်အရှုံး”** (ပိစိ၊ ကောင်းမြတ်) (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)
- ၁၈:၀၅ ၁၀။ နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၁၈:၁၅ ၁၁။ မူဟန်သွယ်သွယ် ဆိုကြမယ်
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ Milo Success in Soccer
- ၁၉:၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **“မိုးမြေဆုံးစေတော့ကွယ်”** (အပိုင်း–၄)
- ၁၉:၄၀ ၁၆။ တေးဂီတအစီအစဉ်
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ (၅၆)နှစ်မြောက် ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာအကဖျော်ဖြေမှုအစီအစဉ်
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၁၂ ရက်က တနင်္သာရီတိုင်း ထားဝယ်မြို့ မြို့တော်ခန်းမ၌ ထားဝယ်ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❑ ဌာနဆိုင်ရာမှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေး အတွက် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာတွင် မိမိနှင့်တကွ နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါ လျက် ထားဝယ်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးနှင့် အနာဂတ်ကာလအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်စေမည့် အစီအမံ များ ပံ့ပိုးစီမံဆောင်ရွက်ပေးရန် လာရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း။

မိမိတို့သည် ထားဝယ်ဒေသသို့ ယမန်နေ့ကပင် ရောက်ရှိခဲ့ပြီး ထားဝယ်ဒေသ လောင်းလုံးမြို့နယ် ထားဝယ်ဒေသကို အနာဂတ် ကာလတိုင် ရေရှည်ဖွံ့ဖြိုး တိုးတက် ရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနှင့် ရေလမ်းခရီး၊ ကုန်းလမ်းခရီး ဆက်သွယ်နိုင်မည့် ပင်လယ်ရေနက်ဆိပ်ကမ်းနှင့် လမ်း မကြီးတစ်ခု တည်ဆောက်သွားနိုင်ရန် ကြိုးပမ်းလျက်ရှိနေကြောင်း။

အပန်းဖြေစခန်းအဆင့်မြှင့်

ယင်းလုပ်ငန်းများနှင့် တစ်ဆက် တည်းမှာပင် ထားဝယ်ဒေသအတွင်း စက်မှုနယ်မြေကြီးတစ်ရပ်ဖြစ်ထွန်းလာ ရန်နှင့် မောင်းမကန်ကမ်းခြေကို နိုင်ငံ တကာအဆင့်မီ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းအဖြစ် မြှင့်တင်ဆောင် (၁၆) ခုတင်ဆံ့ဆေးရုံကို (၂၅) ခုတင် ဆံ့ဆေးရုံအဖြစ်လည်းကောင်း အဆင့် တိုးမြှင့်ပေးရန် စီစဉ်ပေးခဲ့ပြီး ဖြစ် ကြောင်း။

ယနေ့ခေတ်ကာလကဲ့သို့ နိုင်ငံ တော် တာဝန်ရှိပုဂ္ဂိုလ်များကိုယ်တိုင် ကျေးလက်အစွန်အဖျားဒေသများအထိ သွားရောက်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် စီမံဖြည့်ဆည်းဆောင်ရွက်နေသည့် အချိန်အခါတွင်အောက်ခြေဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း ကျေးလက် ဒေသများသို့ အခါမလတ်သွား ရောက်ပြီး ဒေသ၏အခြေအနေ ကျေးလက်နေပြည်သူများ၏ လူနေမှု ဘဝအခြေအနေမှန်များကို လေ့လာ သိရှိပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်သင့်သည်များကို စီမံ ဆောင်ရွက်ကြဖို့လိုကြောင်း။

အောင်မြင်ဖြစ်ထွန်း

မိမိတိုင်းပြည် မိမိဒေသ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကြိုးပမ်းဆောင် ရွက်ရာတွင် ဆင့်ကဲဆင့်ကဲ တာဝန်ယူ ကြိုးကြပ်ပြီး စေတနာထား ဆောင် ရွက်မှသာ လုပ်ငန်းများအောင်မြင် ဖြစ်ထွန်းမှာဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး မျှတစွာ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာ စေရေအောင်တစ်နိုင်ငံလုံးအတိုင်းအတာ ဖြင့် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

အထူးဒေသကြီးသတ်မှတ်

နယ်စပ်အစွန်အဖျား ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအဖြစ် ပြည်နယ်၊ တိုင်းများကို အခြေခံပြီး ဖွံ့ဖြိုးရေးတွင် ကြားကွက်လပ်သဖွယ် ဖြစ်နေသည့် ဒေသများကိုပါ ထပ် ဆောင်းပြီး ဖွံ့ဖြိုးရေး အထူးဒေသ ကြီးများ သတ်မှတ်ဆောင်ရွက်ပေး လျက်ရှိကြောင်း။

တနင်္သာရီတိုင်းတွင် ထားဝယ် ဒေသနှင့် မြိတ်ဒေသတို့ကို အခြေခံပြီး ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို ဦးစားပေးဆောင်ရွက်ပေးခဲ့ရာ ထားဝယ် ဒေသနှင့်မြိတ်ဒေသတို့တွင် တက္ကသိုလ် များ၊ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးများ ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ရှမ်းပြည်နယ်တွင် ဆိုရင်လည်း တောင်ကြီး၊လားရှိုးနှင့် ကျိုင်းတုံ ဒေသ များတွင် ဖွံ့ဖြိုးရေး အစီအမံများ ဆောင်ရွက်ပေးခဲ့သည့် အပြင်ကြား ကွက်လပ်သဖွယ်ဖြစ်နေသည့်လွယ်လင် ပင်လုံဒေသကိုပါ ဖွံ့ဖြိုးရေးအထူးဒေသ ကြီးအဖြစ် ထပ်ဆောင်းသတ်မှတ်ပြီး ဖွံ့ဖြိုးရေးအထူး အစီအမံများ စီမံ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပဲခူးတိုင်းလည်း ပဲခူးအရှေ့ခြမ်း နှင့် အနောက်ခြမ်းဒေသများ မျှတစွာ ဖွံ့ဖြိုးလာအောင် စီမံဆောင်ရွက်ပေး နေသကဲ့သို့ ကချင်ပြည်နယ်တွင် မြစ် ကြီးနားနှင့် ဗန်းမော်ဒေသများအပြင် ယခုဆိုလျှင် မိုးညှင်းနှင့် မိုးကောင်း ဒေသများတွင်ပါ ထည့်သွင်းလျက် ဖွံ့ဖြိုးတိုးတက်ရေး အထူးအစီအမံ များ စီမံဆောင်ရွက်ပေးနေပြီဖြစ် ကြောင်း။

ထို့ပြင်နှင့်မလုံလောက်သေးဆိုသည့် သဘောထားဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက် ဒေသများအားလုံးတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေ ရရှိ ရေးနှင့် ကျေးလက်စီးပွားရေး တိုးတက် မြင့်မားရေး စီမံဆောင်ရွက်ပေးနိုင်ရန် ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဤကဲ့သို့ ပြည်ထောင်စုကြီး တစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုး တက်စေရေးတွင် ကျေးလက်များ၊ မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေးသည် အစွန်အဖျားကျေးလက်ဒေသများအထိ ကားဖြင့်သွားရောက်ကာ ကျေးလက်နေ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဘဝအခြေ အနေများ၊ လမ်းပန်းဆက်သွယ်မှု အခြေအနေများကို မျက်မြင်ထိတွေ့ လေ့လာခဲ့ပြီး ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ် ချက်များကို ချက်ချင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း။

တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်ရှိ ဆလုံကျွန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး သည်အဓိကဖြစ်ရာ ထားဝယ်ဒေသ၏ လမ်းပန်းဆက်သွယ်မှုအခြေအနေကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်း လေ့လာပြီး လမ်းပြုပြင်ထိန်းသိမ်းရေး အတွက် လိုအပ်သည်များ မှာကြား ခဲ့ပြီးဖြစ်ကြောင်း။ ရွက်သွားရန် အစီအမံများလည်း ရှိထားပြီး ဖြစ်ကြောင်း။

ယင်းအစီအမံများ အကောင် အထည်ဖော်ဖြစ်ထွန်းလာသည်နှင့် အမျှ ထားဝယ်ဒေသမှာလည်း တစ် ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ် ကြောင်း။

ယခုခရီးစဉ်အတွင်း၌လည်း ထား ဝယ်ဒေသ၏ ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဖြည့် ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ လောင်းလုံးမြို့နယ် အောက်ရေဖြူ အထက်တန်းကျောင်းခွဲကို အထက် တန်းကျောင်းအဖြစ်လည်းကောင်း၊ ကျောက်နီမော် တွဲဖက်အထက်တန်း ကျောင်းကို အထက်တန်းကျောင်းခွဲ အဖြစ်လည်းကောင်း၊ လောင်းလုံးမြို့



ဆလုံတိုင်းရင်းသား ရိုးရာပွဲတော် ကျင်းပမည့် တနင်္သာရီတိုင်း ကော့သောင်းခရိုင် လန်ပီကျွန်းအနီး ဗိုလ်ချိုကျွန်းပေါ်ရှိ မကြုံဂလက် ကျေးရွာကို တွေ့ရစဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇန်နဝါရီ ၁၂ ရက်က တနင်္သာရီတိုင်း ကော့သောင်းမြို့ မြို့မတံတားနှင့် မြို့မဆိပ်ကမ်း အဆင့်မြင့်တိုးချဲ့ရေးအတွက် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇန်နဝါရီ ၁၂ ရက်က တနင်္သာရီတိုင်း ကော့သောင်းခရိုင် ဗိုလ်ချိုကျွန်းပေါ်ရှိ မကြူဂလက်ကျေးရွာ၌ ဒေသခံ ဆလုံတိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ပဓာနကျသလို မြို့နယ်အဆင့် တာဝန်ယူဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုသည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း။

ပြည်သူလိုလားချက်ဖြည့်ဆည်း

မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးလက်ဒေသအောက်ခြေအထိဆင်းပြီး ပြည်သူများ၏ လိုအပ်ချက်၊ ပြည်သူများ၏ လိုလားချက်တို့ကို သိရှိဖြည့်ဆည်းပေးနိုင်ဖို့လိုကြောင်း။

ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံးက ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို သက်ဆိုင်ရာ ဌာနများ ပေါင်းစည်းပါဝင်သည့် ကဏ္ဍအလိုက် လုပ်ငန်းကော်မတီများ ဖွဲ့စည်းကာ စုပေါင်းဦးဆောင်မှု၊ စုပေါင်းတာဝန်ယူမှုတို့ဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရက မိမိ၏ ပြည်သူများအပေါ် မိဘက သားသမီးအပေါ်ထားရှိသည့် မေတ္တာစေတနာ သဒ္ဒါတရားမျိုးဖြင့် ကျေးသားရင်သားမခွဲခြားဘဲ မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယင်းသို့သော အခြေအနေအချိန်အခါမျိုးတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ တာဝန်ကျရာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖိဖိစီးစီး တာဝန်နှင့် စေတနာပေါင်းစပ်ဆောင်ရွက်မှသာ ပြည်ထောင်စုကြီးလည်း မျှော်မှန်းချက်နှင့်အညီ မျှတစွာ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသား လူမျိုးများ ပေါင်းစည်းယှက်နွယ်နေထိုင်သော ပြည်ထောင်စုကြီးဖြစ်သည်နှင့်အညီ ပြည်ထောင်စုကြီး မျှတစွာ ဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးလည်း ပိုမိုတိုးတက်ခိုင်မြဲမှာ ဖြစ်ကြောင်း။

စည်းလုံးညီညွတ်ရေးစိတ်ဓာတ်မွေး

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးအတွက် ရေရှည်အာမခံနိုင်မည့် နိုင်ငံတော် ရှေ့ဆက်ချီတက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများကလည်း နိုင်ငံတော်၏ မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်အကောင်အထည်ပေါ်လာစေရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်မွေးမြူပြီး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့မှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ထားဝယ်လေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ်ခရီးသည်နားနေအဆောက်အအုံ၏ အခြေအနေနှင့် ဝန်ဆောင်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် တာဝန်ရှိသူများက လိုက်လံပြသရှင်းလင်းကြသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ထားဝယ်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်းအဆင့်မြှင့် ဆောင်ရွက်သွားရေး မှာကြားသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့် လိုက်ပါလျက် ထားဝယ်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ နံနက် ၉နာရီခွဲတွင် ကော့သောင်းမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များအား ကော့သောင်းလေဆိပ်မှ တရားရုံးချုပ် တရားသူကြီး ဒေါက်တာ တင်အောင်အေး၊ တနင်္သာရီရေတပ်စခန်းဌာနချုပ် ခေတ္တဌာနချုပ်မှူး ဗိုလ်မှူးကြီး ဝင်းရှိန်၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မြင့်ထွန်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်လူမှုရေးအသင်းအဖွဲ့များကကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နံနက် ၁၀ နာရီတွင် ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ ကော့သောင်းခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်စိုးက ခရိုင်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေးလိုအပ်ချက်ဖြစ်သည့် ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်အခြေခံပညာအထက်တန်းကျောင်းခွဲကို အထက်တန်းကျောင်းအဖြစ်လည်းကောင်း၊ ပုလဲကျွန်းအခြေခံပညာအလယ်တန်းကျောင်းကိုအထက်တန်းကျောင်းခွဲအဖြစ် လည်းကောင်း တိုးမြှင့်ပေးပြီး သောင်ဖြူ အခြေခံပညာမူလတန်းကျောင်း ဖွဲ့စည်းပုံရရှိရေး စီစဉ်ပေးပြီးနောက် အမှာစကားပြောကြားရာတွင် ကော့သောင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် မိမိနှင့်တကွ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ကော့သောင်းမြို့သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

သိသိသာသာတိုးတက်

ကော့သောင်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အလေးထားဖြည့်ဆည်းစီမံဆောင်ရွက်ပေးလျက်ရှိသည်နှင့်အညီ ယခုဆိုလျှင် ကော့သောင်းမြို့ကြီးသည် မြို့ကွင်းမြို့ကွက် သာယာလှပပြီး မြို့ကျက်သရေဆောင် အဆောက်အအုံများနှင့်တကွ သိသာစွာ တိုးတက်စည်ပင်လာခဲ့ပြီဖြစ်ကြောင်း။

ကော့သောင်းမြို့သည် အိမ်နီးချင်းနိုင်ငံနှင့် ဆက်စပ်နေသည့် နှစ်နိုင်ငံနယ်စပ် ဒေသဖြစ်သဖြင့် ကုန်စည်ကူးသန်းမှု အချက်အချာဒေသဖြစ်သည့်အပြင် ရေလုပ်ငန်းနှင့်ပတ်သက်ပြီး အချက်အချာဒေသလည်းဖြစ်ကြောင်း။

သို့ဖြစ်၍ ကော့သောင်းဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းအသီးသီးသည် မိမိတာဝန်ကျရာဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်အပြင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု အရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ကြဖို့လည်းလိုကြောင်း။

အလားတူပင် နှစ်နိုင်ငံကုန်သွယ်စီးပွားရေးလုပ်ငန်းများတွင် တစ်ဖက်စောင်းနင်း မမျှမတမှုဖြစ်တာမျိုး မရှိစေဘဲ နှစ်ဖက်စလုံးမျှတစွာ တိုးတက်ဖြစ်ထွန်းစေရအောင် အလေးထားဆောင်ရွက်ကြဖို့မှာကြားလိုကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

ကော့သောင်းဒေသသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်သည်ဖြစ်ရာ မိမိတို့အချင်းချင်းစည်းလုံးညီညွတ်ကြဖို့နှင့် တိုင်းရင်းသား

စာမျက်နှာ ၁၀ ကော်လံ ၁

တနင်္သာရီတိုင်း ကော့သောင်းမြို့ လေဆိပ်အဆောက်အအုံကို ဇန်နဝါရီ ၁၂ ရက်က တွေ့ရစဉ်။ (သတင်းစဉ်)

15-1 (9).p65 1 3/26/05, 7:43 PM

စာမျက်နှာ ၉ မှ

အချင်းချင်းထာဝစဉ်စည်းလုံးညီညွတ်ကြရေး ဝိုင်းဝန်းထိန်းသိမ်းကြဖို့လည်းလိုကြောင်း။

အထူးသဖြင့်ဒေသဝမ်းစာဖူလုံရေး အပါအဝင် စားဝတ်နေရေးဆိုင်ရာလိုအပ်ချက်များ၊အသုံးအဆောင်ပစ္စည်းလိုအပ်ချက်များတွင် သူတစ်ပါးကိုအားကိုးသည့် စိတ်ဓာတ်ပပျောက်ပြီးဒေသတွင်းပြည့်စုံဖူလုံစေရေးအတွက် မိမိဒေသဖွံ့ဖြိုးရေး မိမိတို့ကိုယ်တိုင်ကြိုးပမ်းဆောင်ရွက်ကြဖို့ကိုဌာနဆိုင်ရာတာဝန်ရှိသူများက ဦးဆောင်စည်းရုံးစီမံဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

တနင်္သာရီတိုင်းဒေသသည်သဘာဝအခြေခံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအောင်မြင်ဖြစ်ထွန်းနိုင်သည့် အခြေခံကောင်းများရှိထားပြီးဖြစ်ရာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အစိုးရက အားပေးစီမံဆောင်ရွက်နေကြောင်း။

ယနေ့လည်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအမံတစ်ရပ်အနေဖြင့် ကော့သောင်းဒေသ ဗိုလ်ချိုကျွန်း မကြုံဂလက်ကျေးရွာတွင် ကျင်းပမည့် ဆလုံတိုင်းရင်းသား ရိုးရာပွဲတော်အတွက် စီမံဆောင်ရွက်နေမှုများကို မိမိတို့ သွားရောက်စစ်ဆေးရန် စီစဉ်ထားကြောင်း။

ဤကဲ့သို့ကော့သောင်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အဘက်ဘက်တွင် စီမံဆောင်ရွက်ပေးနေသည့် အချိန်အခါကာလတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများကလည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့်ပြည်သူ လက်တွဲပြီး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့ ဘုရင့်နောင်အငူနှင့် ဘုရင့်နောင်ရုပ်တုကန်းတော် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆိပ်ကမ်းအဆင့်မြှင့်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့ မြို့မတံတား၏ အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြို့မဆိပ်ကမ်းအဆင့်မြှင့်တိုးချဲ့ရေး မှာကြားသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရေယာဉ်များဖြင့် ကော့သောင်းမြို့နယ် ဆလုံကျွန်းသို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Shanbhala Co., Ltd. က ဆောင်ရွက်နေသည့် လင်းပိုင်မွေးမြူရေးနှင့် လေ့ကျင့်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ဒေသမန်နေဂျာ ဒေါက်တာ ရဲမင်းဦးက လင်းပိုင်များ၏ သဘာဝနှင့် အလေ့အထ၊ မွေးမြူခြင်း၊ ပြုစုလေ့ကျင့်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လင်းပိုင်များ၏စွမ်းရည်ပြမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား Shanbhala Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာဖုန်းဝင်းက ဆလုံ Marina and Resort Project နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဂါရဝပြုလက်ဆောင်ပေး

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား Myanmar Dolphin Project မှ အတိုင်ပင်ခံကျွမ်းကျင်သူ Mr. Jim Styers က လင်းပိုင်ရုပ်တုကို ဂါရဝလက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် Shanbhala Co.,Ltd. မှ ပညာရှင်များ၊ ဝန်ထမ်းများနှင့်အတူ စုပေါင်း ဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တပ်မတော်(ရေ)စစ်ရေယာဉ်သို့ ရောက်ရှိ ဆက်လက်ထွက်ခွာကြပြီး ပင်လယ်ကမ်းခြေ တစ်လျှောက်နှင့် ကျွန်းများပတ်ဝန်းကျင်တွင် သဘာဝအခြေခံကမ္ဘာလှည့် ခရီးသွားလုပ်ငန်းဖြစ်ထွန်းနိုင်မှု အခြေအနေများကို ကြည့်ရှုလေ့လာသည်။ ထို့နောက် ညနေ ၄နာရီတွင် ဆလုံတိုင်းရင်းသားရိုးရာပွဲတော်ကျင်းပမည့် ကော့သောင်းခရိုင် လန်ပိကျွန်းအနီး ဗိုလ်ချိုကျွန်းပေါ်ရှိ မကြုံဂလက်ကျေးရွာသို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ဆရာဆရာမများနှင့်ကျောင်းသားကျောင်းသူများ၊ ဆလုံတိုင်းရင်းသားတိုင်းရင်းသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား မကြုံဂလက်ကျေးရွာခန်းမ၌ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက မကြုံဂလက်ကျေးရွာ၌ ဆလုံတိုင်းရင်းသားရိုးရာပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရန် ပွဲတော်မုခ်ဦး၊ ပွဲတော်ရင်ပြင်၊ စင်မြင့်နှင့်ပြခန်းများတည်ဆောက်ရန် စီစဉ်ထားမှု၊ ဧည့်သည်များ သွားလာရေး၊ နေထိုင်ရေးနှင့်စားသောက်ရေး စီစဉ်ထားမှု၊ ဆလုံတိုင်းရင်းသားများ၏ စွမ်းရည်ပြပွဲနှင့်ပျော်ပွဲရွှင်ပွဲများ ကျင်းပရန်စီစဉ်ထားမှု၊ ဆလုံကျွန်းပေါ်ရှိ လင်းပိုင်မွေးမြူရေးလုပ်ငန်းလေ့လာရန်စီစဉ်ထားမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက မကြုံဂလက်ကျေးရွာ၌ ကျင်းပမည့် ဆလုံတိုင်းရင်းသားရိုးရာပွဲတော်တွင် ပါဝင်ဆင်နွှဲကြမည့် ဧည့်သည်တော်များ သယ်ယူပို့ဆောင်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်က ဆလုံတိုင်းရင်းသား ရိုးရာပွဲတော်၌ ပြည်ပဧည့်သည်များ၊ သံတမန်များ အများအပြားပါဝင်ဆင်နွှဲကြရေး ပံ့ပိုးဆောင်ရွက်ပေးမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆလုံတိုင်းရင်းသားရိုးရာပွဲတော်ကို မြိတ်ကျွန်းစုနှင့် ဆလုံလူမျိုးစုတို့အကြောင်းပိုမိုသိရှိလာစေပြီး မြိတ်ကျွန်းစုခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် ကျင်းပခြင်းဖြစ်ရာ ဆလုံပွဲတော်အောင်မြင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းကို စနစ်တကျ စီမံဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်ချက်များကို ဝန်ကြီးဌာနများနှင့်ညှိနှိုင်းပေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆလုံတိုင်းရင်းသား တိုင်းရင်းသူများအား ဆန်အိတ်များ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဒေသခံဆလုံတိုင်းရင်းသားတိုင်းရင်းသူများနှင့်အတူ စုပေါင်း ဓာတ်ပုံရိုက်ကြသည်။

ပုလဲကျွန်းရောက်ရှိ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကြုံဂလက်ကျေးရွာမှ အမြန်ရေယာဉ်ဖြင့် ထွက်ခွာကြရာ ညနေ ၆ နာရီခွဲတွင် ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်းသို့ ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ပုလဲထုတ်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြပြီး ထုတ်လုပ်ထားသော ပုလဲရတနာများကို ကြည့်ရှုကြသည်။

ထို့နောက် ပုလဲရတနာခန်းမ၌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က မြန်မာ့ပုလဲထုတ်လုပ်ခြင်း၏ နောက်ခံသမိုင်း၊ မြန်မာ့ပုလဲတိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်တွင်းပြည်ပကုမ္ပဏီများနှင့် မြန်မာ့ပုလဲလုပ်ငန်းတို့ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေမှု၊ နှစ်အလိုက်မြန်မာ့ပုလဲတိုးတက်ထုတ်လုပ်နေမှုနှင့်အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပုလဲတိုးမြှင့်ထုတ်လုပ်

ဆက်လက်၍ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုးက ကမ္ဘာ့နိုင်ငံများတွင် ထုတ်လုပ်လျက်ရှိသော ပုလဲအမျိုးအစားများ မြန်မာ့တောင်ပင်လယ်ပုလဲ၏ ထင်ရှားကျော်ကြားလူကြိုက်များမှု၊ ပုလဲထုတ်လုပ်ပုံနည်းစနစ်ပြောင်းလဲမှု၊ စနစ်ပြောင်းလဲမှုကြောင့် တိုးတက်ထုတ်လုပ်လာမှု၊ နှစ်အလိုက် မြန်မာနိုင်ငံတွင် ပုလဲတိုးတက်ထွက်ရှိမှု၊ ထုတ်လုပ်မှုကုန်ကျစရိတ်၊ ပုလဲဈေးကွက်အခြေအနေ၊ မြန်မာ့ပုလဲတိုးတက်ထုတ်လုပ်ရန်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က ပုလဲတိုးမြှင့်ထုတ်လုပ်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး ပင်လယ်ရေပြင် ညစ်ညမ်းမှုမဖြစ်စေရေးအတွက် စနစ်တကျထိန်းသိမ်းရန်နှင့် လုပ်ငန်းခွင်လုံခြုံရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပုလဲကျွန်းအခြေခံပညာ အလယ်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်တို့ကို ကျောင်းအုပ်ဆရာကြီး ဦးတင်မြင့်အား ပေးအပ်သည်။

တိုးမြှင့်

ဆက်လက်၍မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပုလဲကျွန်းအခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်းခွဲအဖြစ် တိုးမြှင့်ပေးသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မုတ်ကောင်သားပေါက်မွေးမြူစခန်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် မြိတ်မြို့သို့ ရောက်ရှိကြရာတိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။ **(သတင်းစဉ်)**



ဆလုံတိုင်းရင်းသားရိုးရာပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ကော့သောင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့နှင့်ပူးပေါင်း၍ ဆလုံတိုင်းရင်းသားရိုးရာပွဲတော်ကို တနင်္သာရီတိုင်း ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် မကြုံဂလက် ကျေးရွာ၌ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၇ ရက်အထိကျင်းပရန် ကျင်းပရေးလုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိ သည်။

ဆလုံတိုင်းရင်းသားရိုးရာပွဲတော်တွင် ဆလုံလူမျိုးတို့၏ လူနေမှုဘဝနှင့် ဓလေ့ထုံးစံများကို ဖော်ထုတ်ပြသမည်ဖြစ်ပြီး လာရောက်လေ့လာလိုသည့်ကမ္ဘာလှည့်ခရီးသည်များအတွက် သတင်းအချက်အလက်များကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက Myanmars.net / mtt / salone.htm၊ www. salonefestival.com နှင့် www. sea Gypsy festival.com တို့ဖြင့် website တင်ထားပြီးဖြစ်သည်။ ခရီးစဉ်များကို Shambhala Tours ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ရာ e-mail : info@ salonefestival.com သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၅-၁-၂၀၀၄

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၄း၅၅ ၈။ မျိုးချစ်တပ်မတော်
၅း၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ်(ဘောဂဗေဒ) (ခ)ပထမနှစ် (ရသစာပေအရေးအသား)
၅း၃၅ ၁၀။ တိုင်းကျိုးပြည်ပြုဒို့ရှေးရှု
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဖန်ခြေနင်းနှင့်ယမင်းရွှေစင်"**(အပိုင်း-၃၇)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"** (အပိုင်း-၂)
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

▲ သမဝါယမထုတ်ကုန်မှ

ဒေသအသီးသီးရှိ သမဝါယမအသင်းများက ထုတ်လုပ်နေသည့် လယ်ယာထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သစ်တောထွက်ကုန်ပစ္စည်း၊ သတ္တုတွင်း ထွက်ကုန်ပစ္စည်းများနှင့် စက်မှုလက်မှု ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းဈေးကွက်၊ ပြည်ပဈေးကွက်များတွင် ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ဈေးကွက်ရရှိရေး

ထို့ကြောင့် သမဝါယမအသင်းများက ထုတ်လုပ်သည့် သမဝါယမထွက်ကုန်ပစ္စည်းများ ပြည်တွင်းပြည်ပဈေးကွက် ကျယ်ပြန့်စွာရရှိရေး ဦးတည်ပြီး သမဝါယမဝန်ကြီးဌာနသည် သမဝါယမ ဈေးပွဲတော်များ၊ သမဝါယမကုန်ပစ္စည်းများ ပြည်တွင်းဈေးကွက်ရရှိပြီး သွင်းကုန်အစားထိုးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နဲ့ ပြည်ပပို့ကုန်ပစ္စည်းများ၊ အမယ်သစ်(အမည်သစ်) ကုန်ပစ္စည်းများ ထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်စေရန်ဆိုတဲ့ ရည်ရွယ်ချက်သုံးရပ်နဲ့ ကျင်းပသွားမှာ ဖြစ်ပါတယ်။

ဒီပြပွဲမှာ သမဝါယမအသင်းများနဲ့ လုပ်ငန်းရှင်များရဲ့ ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသခြင်းနှင့် ကုန်စည်ဖလှယ်ရေး အရောင်းအဝယ် စာချုပ်ချုပ်ဆိုခြင်း၊ သမဝါယမအသင်းများနဲ့ ပုဂ္ဂလိက အရောင်းဆိုင်များ ခင်းကျင်းရောင်းချခြင်း၊ စားသောက်ဆိုင်များ ဖွင့်လှစ်ရောင်းချခြင်း၊ ဖျော်ဖြေရေး အစီအစဉ်များ တင်ဆက်ချမ်းမြေ့စွာ အပန်းဖြေကြည့်ရှုနိုင်ရန် ဖျော်ဖြေရေး အစီအစဉ်များအပြင် မြန်မာနိုင်ငံ အမျိုးသမီးသမဝါယမအသင်းများ၏ လှုပ်ရှားမှုအဖြစ် မြန်မာ့ရိုးရာ အစားအစာ မုန့်ပြိုင်ပွဲများ၊ ပန်းအလှပြိုင်ပွဲများ ပြုလုပ်နေသည်ကိုလည်း စိတ်ဝင်စားဖွယ် တွေ့မြင်ရပေသည်။

ရိုးရာရက်ကန်းပြကွက်

ရှမ်းပြည်နယ်သမဝါယမအသင်းများ၏ ပြခန်းတွင် ကလောမြို့နယ်မှ ကျေးလက်တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းက ရိုးရာအသုံးအဆောင်ပစ္စည်းများ၊ ကျိုင်းတုံမြို့နယ်မှ အခါကုန်ထုတ်သမဝါယမအသင်းက ရိုးရာရက်ကန်းရက်လုပ်မှု၊ ညောင်ရွှေမြို့နယ်မှ အင်းလေးဇင်းမယ် ကုန်ထုတ်သမဝါယမအသင်းက ဇင်းမယ်လုံချည်ရက်ကန်းရက်လုပ်မှု၊ ပဒုမ္မာကြာသင်္ကန်း ထုတ်လုပ်မှု သမဝါယမအသင်းက ကြာသင်္ကန်းရက်လုပ်ပြသမှု ပြကွက်များမှာ ပြည်သူများ စိတ်ဝင်စားကြသည့် ရိုးရာရက်ကန်း ပြကွက်များ ဖြစ်သည်။

ရှမ်းပြည်နယ် သမဝါယမအသင်းများ ပြခန်းတွင် ကျေးလက်တိုင်းရင်းသား ဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ ရိုးရာပစ္စည်းများကို ပြည်သူတို့ ဤသို့စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ဓာတ်ပုံ–သန်းနိုင် (မြန်မာ့အလင်း)

ရွှေရည်လွင် သမဝါယမအသင်းပြခန်းသို့ သွားရောက်လေ့လာ ကြည့်ရှုရာတွင် အသင်းဥက္ကဋ္ဌ ဦးစိုးခင်က "ကျွန်တော်တို့ အသင်းအနေနဲ့ ခေတ်မီပုံဆန်း အသင့်ချုပ်ပြီး အဝတ်အထည်အမျိုးမျိုး၊ ကင်မရာ၊ နာရီ၊ ကစားစရာ၊ မျက်မှန်နဲ့ လျှပ်စစ်ပစ္စည်းအမျိုးမျိုးကို အထူးဈေးနှုန်းချိုသာစွာ ရောင်းချပေးနေပါတယ်၊ မြန်မာပြည် အရပ်ရပ်တွင် ရွှေရည်လွင်အဆင့်မြင့် သမဝါယမဈေးပွဲတော်များကို မကြာခဏ ကျင်းပပြီးတော့လဲ ရောင်းချပေးနေပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောပြသည်။

KOL Global Co,. ပြခန်းမှ အထွေထွေမန်နေဂျာ ဦးစောထွန်းဝေကလည်း "VENG အမှတ်တံဆိပ် ရေစုပ်စက်များကို မြင်းကောင်ရေ ငါးမူးမှ သုံးကောင်အထိ ထုတ်လုပ်ထားပြီး နေအိမ်သုံး၊ အဆောက်အအုံသုံး၊ စက်ရုံသုံးရေစုပ်စက်များ ဖြစ်ပါတယ်။ ထူးခြားချက်ကတော့ ဗို့အားအတက်အကျ ခံနိုင်ပြီး အီတလီနိုင်ငံလုပ် ဝါယာကြိုးများ၊ ကြေးရေဒလက်များနဲ့ တည်ဆောက်ထားပါတယ်။ အရောင်းမြှင့်တင်ရေး ကာလဖြစ်တဲ့ ဇန်နဝါရီ ၁၅ ရက်မှ ဖေဖော်ဝါရီ ၁၅ ရက်အတွင်း ၂၀ ရာခိုင်နှုန်းလျှော့ ပြီး ရောင်းချပေးနေပါတယ်"ဟု ရှင်းပြသည်။

ဆက်လက်၍ မြန်မာ့စက်မှုလက်မှု ထုတ်ကုန်ပစ္စည်း အရောင်းပွဲတော်များကို ပြည်နယ်၊ တိုင်း အသီးသီးတွင် စဉ်ဆက်မပြတ် ကျင်းပပြုလုပ်လျက်ရှိသည့်အပြင် ရန်ကုန်မြို့တော်တွင်လည်း သမဝါယမဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

'သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော် ၂၀၀၄' ဖွင့်ပွဲအခမ်းအနားကို ၂၀၀၄ခုနှစ်၊ဇန်နဝါရီ ၁၃ရက် နံနက်၈ နာရီကတက္ကသိုလ်ရိပ်သာလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ ဆရာစံပလာဇာ အဆောက်အအုံ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက် အားပေးချီးမြှင့်သည်။

ကုန်စည်ဈေးကွက်

'သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော် ၂၀၀၄'နှင့် ပတ်သက်၍ ပြည်သူများသိရှိနိုင်ရန် မြန်မာ့အလင်းက သွားရောက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

'သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော် ၂၀၀၄' ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်းက "ဒီပြပွဲကို သမဝါယမအသင်းများ ပူးပေါင်းဆောင်ရွက်ခြင်းနည်းအရ စုပေါင်းဆောင်ရွက်ခြင်းဖြင့် ကုန်စည်ဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်တွင်းထုတ်ခြင်းနဲ့ မြန်မာ့သမဝါယမ ရာပြည့်အကြို ခင်းကျင်းပြသခြင်း လုပ်ငန်းများ ဆောင်ရွက် ထားရှိပါတယ်" ဟူ၍ ရှင်းလင်း ပြောကြားသည်။

'သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော် ၂၀၀၄' တွင် နိုင်ငံပိုင်အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအပြင် သမဝါယမအသင်းပေါင်း ၁၀၅ သင်းက ပွဲတော်လာပြည်သူများ အလွယ်တကူ ဝယ်ယူကြည့်ရှုနိုင်စေရန် ဒေသအသီးသီးက ထုတ်လုပ်သည့်ဒေသထွက်ကုန်ပစ္စည်းအမျိုးမျိုးကို ပြသထားသည့်အပြင် သွင်းကုန်အစားထိုးပစ္စည်းများ၊ စက်မှုဇုန် အသီးသီးက ထုတ်လုပ်သည့် မော်တော်ယာဉ်များ၊ စားသောက်ကုန်အမျိုးမျိုး၊ အထည်အလိပ်အမျိုးမျိုး၊ လူသုံးအိမ်သုံး ပစ္စည်းအမျိုးမျိုးကို ဈေးနှုန်းချိုသာစွာ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

ထူးခြားမှုတစ်ရပ်အနေဖြင့် မြန်မာ့သမဝါယမ ဖြစ်ပေါ်တိုးတက်မှု သမိုင်းအကြောင်းအရာ အချက်အလက်များ၊ စာရွက် စာတမ်းများ၊ ဓာတ်ပုံအထောက်အထားများ၊ သမဝါယမဥပဒေများ၊ လက်ရှိ သမဝါယမလှုပ်ရှားမှုလုပ်ငန်းများကို ခေတ်ကာလအလိုက် ခွဲခြားပြီး ပွဲတော်လာပြည်သူများ စိတ်ဝင်စားအောင် မြန်မာ့သမဝါယမ ရာပြည့်အကြို ပြခန်းကိုလည်း တွေ့ရသည်။

ပွဲတော်လာပြည်သူများ ပျော်ရွှင်ကဏ္ဍာ တိုးတက်မှုကို ဖော်ညွှန်းပြသသည့် စက်မှုဇုန်ထုတ်ကားများ ပြကွက်သို့ သွားရောက်လေ့လာ ကြည့်ရှုရာတွင် စစ်ကိုင်းတိုင်း ကလေးမြို့ စက်မှုဇုန်မှ လူငယ်ကုန်ထုတ် သမဝါယမအသင်းဥက္ကဋ္ဌ ဦးဇော်မင်းသန်းက "ကျွန်တော်တို့ လူငယ်ကုန်ထုတ် သမဝါယမအသင်းအနေနဲ့ ဝက်ဂွန်း၊ ပစ်ကပ်၊ ဒဘယ်ကပ်၊ ပါဂျယ်ရိုးစတဲ့ ကားအမျိုးမျိုးကို ထုတ်လုပ်နေပါတယ်။ YCL Galory ကား အမျိုးအစားမှာ နောက်ထိုင်ခုံကို လှဲပြီး အိပ်လို့ရပါတယ်။ ထမင်းစား စားပွဲ၊ ရေခဲသေတ္တာ၊ အဲယားကွန်းနှစ်လုံး တပ်ဆင်ပေးထားပါတယ်။ ဒါ့အပြင် တီဗွီ၊ ဗွီစီဒီတွေလဲပါပါတယ်။ ရောင်းဈေးကတော့ ၉၉သိန်းမှ ၁၇၁ သိန်းထိ ရှိပါတယ်"ဟု ပြောပြသည်။

ယခုနှစ် 'သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော် ၂၀၀၄' သည် ယခင်နှစ်များနဲ့မတူ တစ်မူထူးခြားပြီး စည်ကားလွန်းလှသည်။ ပွဲတော်လာ ပြည်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သေးသည်။

ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းနေ ပွဲတော်လာ မဇာဏီမွန်မွန်ဇော်က "လိုချင်တာတွေ ဝယ်လို့ရတယ်၊ ဈေးကလဲချိုတယ်၊ ပစ္စည်းကလဲ စစ်မှန်တယ်၊ ဒီလို ဈေးပွဲတော်မျိုးတွေ မကြာခဏ ပြုလုပ်ပေးစေချင်ပါတယ်"ဟု ဆိုပါသည်။

ရည်ရွယ်ချက်

ထို့ကြောင့်ပင် 'သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော် ၂၀၀၄'သည် ရည်ရွယ်ချက်များ အောင်မြင်မည့် ဈေးပွဲတော်တစ်ခုဖြစ်သည်ဟု ယုံကြည်မိပါသည်။ ။

(မြန်မာ့အလင်း)

ရိုးရာဂျပ်ခုတ်ရက်ကန်း ရက်လုပ်မှုပြကွက်

အခါ ကုန်ထုတ်သမဝါယမအသင်း၏ ရိုးရာဂျပ်ခုတ် ရက်ကန်းရက်လုပ်မှု ပြကွက်ကို တွေ့ရစဉ်။

ဓာတ်ပုံ–သန်းနိုင် (မြန်မာ့အလင်း)

ဇန်နဝါရီ ၅ရက်က ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ညှိခံပွဲအခမ်းအနားသို့ တက်ရောက်လာသည့် အထူးဧည့်သည်တော် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Honourable Datuk Seri Syed Hamid Albar နှင့် ဇနီးတို့အား မြန်မာသံအမတ်ကြီး ဦးလှမောင်နှင့် ဇနီးတို့က ခရီးဦးကြိုပြု နှုတ်ဆက်စဉ်။ (သတင်းစဉ်)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ညှိခံပွဲ မလေးရှားနိုင်ငံမြန်မာသံရုံး၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား ညှိခံပွဲတစ်ရပ်ကို မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလှမောင်က ကြီးမှူး၍ ဇန်နဝါရီ ၅ရက် ညနေပိုင်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Prince Hotel and Residence KL ၌ ခမ်းနားစွာကျင်းပသည်။

ညှိခံပွဲသို့ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Honourable Datuk Seri Syed Hamid Albar သည် အဓိက ဧည့်သည်တော် Chief Guest အဖြစ်ဇနီးနှင့်အတူ တက်ရောက်ချီးမြှင့်ပြီး ကွာလာလမ်ပူမြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများနှင့်ဇနီးများ၊မလေးရှား အစိုးရဌာနများမှ အရာရှိကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စာနယ်ဇင်းလောကမှ ပုဂ္ဂိုလ်များ၊ မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံမှစီးပွားရေးလုပ်ငန်းရှင်များ၊ အတတ်ပညာရှင်များ၊ ဆရာဝန်များ၊ ၄င်းတို့၏ မိသားစုများ၊ မြန်မာသံရုံး၊စစ်သံရုံးတို့မှဝန်ထမ်းများနှင့် မိသားစုဝင်များညှိပရိသတ် ၅၀၀ ကျော် တက်ရောက်ကြသည်။

လက်ဆောင်ပေးအပ်

အခမ်းအနားတွင် မြန်မာသံအမတ်ကြီးနှင့်မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးတို့က ဆုတောင်းပတ္တနာအပြန်အလှန် ပြုလုပ်ကြပြီး နှစ်ဖက်နိုင်ငံတော်သီချင်းတို့ကိုတီးမှုတ်သည်။ ထို့နောက် သံအမတ်ကြီးက ဝန်ကြီးအား မိုးကုတ်မြို့ ရှခင်းအလှ ကျောက်စီပန်းချီကားချပ်ကို မေတ္တာလက်ဆောင်အဖြစ်ပေးအပ်သည်။

တည်ခင်းညှိခံ

ညှိခံပွဲတွင် တစ်ပင်တိုင်နှစ်ပါးသွား၊ နန်းတွင်းယိမ်း၊ မင်းသားပြိုင်၊ ပုဂံသရုပ်ဖော်၊ စောင်းတီးခတ်မှုနှင့် သင်္ကြန်အကတို့ဖြင့် ဧည့်သည်တော်များအား ဖျော်ဖြေတင်ဆက်ကြပြီး မြန်မာ့စားသောက်ဖွယ်ရာများဖြင့် တည်ခင်းညှိခံကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့် ညီညွတ်မှုမရှိသောဗီဒီယိုတိပ်ခွေများ ဗီဒီယိုလေဆာဓာတ်ပြားများနှင့် ဒီဂျစ်တယ်ဗီဒီယို လေဆာဓာတ်ပြားများဖျက်ဆီးပစ်

မိမိတို့ယဉ်ကျေးမှုနှင့်အကျင့်စာရိတ္တများမပျက်စီးအောင်ထိန်းသိမ်းသည့်သဘောဖြစ်

ရှင်းလင်းပြောကြား

ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့် ညီညွတ်မှုမရှိသော ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယိုလေဆာဓာတ်ပြားများနှင့် ဒီဂျစ်တယ် ဗီဒီယို လေဆာဓာတ်ပြားများ ဖျက်ဆီးမှု အခမ်းအနားတွင် ထောက်လှမ်းရေး ဌာနချုပ်ရုံးမှ ဌာနကြီးမှူး ဗိုလ်မှူးချုပ်သန်းထွန်းက ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၄

ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့်ညီညွတ်မှုမရှိသော ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယိုလေဆာဓာတ်ပြားများနှင့် ဒီဂျစ်တယ် ဗီဒီယိုလေဆာဓာတ်ပြားများ ဖျက်ဆီးမှုအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ် ပြတိုက်ဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း၊ တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ ဌာနကြီးမှူး ဗိုလ်မှူးချုပ်သန်းထွန်းနှင့် တပ်မတော် အရာရှိကြီးများ၊ ဗီဒီယိုစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အစည်းအရုံးဝင်များ၊ မြန်မာကာရာအိုကေတေးစုအများဆုံးထုတ်လုပ်သည့် ဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းရှင်များ၊ ဂျာနယ်နှင့်မဂ္ဂဇင်းများမှ သတင်းထောက်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(၅)ကြိမ်မြောက်ဖျက်ဆီး

ရှေးဦးစွာ ထောက်လှမ်းရေးဌာနချုပ်ရုံးမှ ဌာနကြီးမှူး ဗိုလ်မှူးချုပ်သန်းထွန်းက ရှင်းလင်းပြောကြားရာတွင် ပြီးခဲ့သည့် ၂၀၀၂-၂၀၀၃ ခုနှစ်ကာလအတွင်းမှာ ဆင်ဆာမဲ့ ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကို နေရာဒေသအသီးသီးက ဖမ်းဆီးရမိခဲ့ကြောင်း၊ ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်သူများကို ဥပဒေအရ အရေးယူမှုများပြုလုပ်ခဲ့ပြီး ယခုအခမ်းအနားမှာ သိမ်းဆည်းထားသည့် သက်သေခံပစ္စည်းများကို ဖျက်ဆီးမည့် အခမ်းအနားပင်ဖြစ်ကြောင်း၊ ယင်းသို့ဖျက်ဆီးသည့် အခမ်းအနားကို နှစ်စဉ်ပြုလုပ်လာခဲ့သည်မှာ ယခုအကြိမ်နှင့်ဆိုလျှင် ငါးကြိမ်မြောက် ဖျက်ဆီးခြင်းဖြစ်ကြောင်း၊ ယနေ့ဖျက်ဆီးမည့် မြန်မာ/နိုင်ငံခြားဗီဒီယိုတိပ်ခွေပေါင်း ၅၃၉၇ ခွေ၊ ဗီဒီယို လေဆာဓာတ်ပြား ၄၄၆၉၀ ချပ်၊ ဒီဂျစ်တယ်ဗီဒီယိုလေဆာပြား ၅၈၄ ချပ်၊ တေးသီချင်းတိပ်ခွေ ၅၄၃၅ ခွေ၊ လေဆာဓာတ်ပြားနှစ်ချပ် စုစုပေါင်း ကာလတန်ကြေးငွေ ကျပ်သိန်း ၃၀၀ ခန့် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ပြည်သူများကို ပြသသင့်သည့် ဓာတ်ကား၊ ပြသရန်မသင့်သည့်ဓာတ်ကားဟူ၍ နိုင်ငံ၏ယဉ်ကျေးမှုနှင့် တိုင်းတာပြီး ဗီဒီယိုဆင်ဆာအဖွဲ့က ဆုံးဖြတ်ပေးလျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းမှာ တိုင်းတစ်ပါးက မကောင်းသည့် ယဉ်ကျေးမှုများ လွှမ်းမိုးပြီး မိမိတို့ယဉ်ကျေးမှုနှင့် အကျင့်စာရိတ္တများ ပျက်စီးမသွားအောင် ထိန်းသိမ်းသည့် သဘောဖြစ်ကြောင်း၊ ဆင်ဆာအဖွဲ့အပြင် ပြည်ပက တရားမဝင်တင်သွင်းလာသည့် ဓာတ်ကားများကိုလည်း ရေဆိပ်၊ လေဆိပ်နှင့် နယ်စပ်ဝင်ပေါက်များတွင် အကောက်ခွန်ဦးစီးဌာနကလည်း ရှာဖွေစစ်ဆေးပြီး ဖမ်းဆီးခဲ့ကြောင်း၊ ထို့အပြင် မောင်နှင့်နှမ၊ သားနှင့်အမိ အတူကြည့်လို့မသင့်လျော်သည့် ညစ်ညမ်းဓာတ်ကားများကိုလည်း ဖမ်းဆီးတားမြစ်ရမည်ဖြစ်ပြီး ယခု ဖျက်ဆီးမည့် တိပ်ခွေများထဲတွင်လည်း ညစ်ညမ်းဗီဒီယိုလေဆာဓာတ်ပြား ၉၁၅ ချပ်ပါသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ထိထိရောက်ရောက်အရေးယူမည်

နောက်တစ်ခုမှာ မြန်မာကာရာအိုကေ သီချင်းဓာတ်ပြားများကို သက်ဆိုင်ရာထုတ်လုပ်ရေးလုပ်ငန်းများက ငွေအရင်းအနှီးများစွာ စိုက်ထုတ်ပြီး ရိုက်ကူးထုတ်လုပ်ထားသည်ကို ယခုအခါ ခေါင်းပုံဖြတ်သည့်အနေဖြင့် ခိုးကူးထားသည့် ဓာတ်ပြားများဖြစ်ကြောင်း၊ အဆိုပါခိုးကူးဓာတ်ပြားများသည်လည်း နှစ်စဉ်ဖျက်ဆီးသည့် တိပ်ခွေများထဲတွင် ပါသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ သို့သော် ခိုးကူးသူများသည် ရပ်တန့်သွားခြင်းမရှိဘဲ တစ်နှစ်ထက်တစ်နှစ်ပိုပြီး ခိုးကူးလာပြီး ရန်ကုန်နှင့် မန္တလေးမြို့ပေါ်ရှိ လမ်းဘေးပလက်ဖောင်းများနှင့် ဆိုင်များတွင် ဖြောင်ကျကျ ရောင်းချနေသည်ကို တွေ့ရသည့်အတွက် ၂၀၀၃ ခုနှစ် နိုဝင်ဘာလအတွင်းမှာပင် ဗီဒီယိုစိစစ်ကြီးကြပ်ရေးကော်မတီဝင်များနှင့် မြို့တော် စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စသည့် တာဝန်ရှိအဖွဲ့အစည်းများက ဖမ်းဆီးနှိမ်နင်းရန် ဆွေးနွေးခဲ့ကြပြီး ပညာပေးကာလအဖြစ် တစ်လ သတ်မှတ်ပေးကာ နောက်ပိုင်းတွင် ထိထိရောက် ရောက်အရေးယူဟူ၍ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှတစ်ဆင့် အသိပေး ကြော်ငြာခဲ့ကြောင်း၊ သို့သော် ပညာပေးကာလတစ်လ လွန်မြောက်ပြီးသည့်အခါတွင်လည်း ရပ်တန့်သွားခြင်းမရှိဘဲ ယခင်အတိုင်း ဖြောင်ကျကျ ဆက်လက်ရောင်းချနေသည်ကို တွေ့ရသည့်အတွက် သက်ဆိုင်ရာက ဖမ်းဆီးသည့်အခါ ရန်ကုန်နှင့် မန္တလေးမြို့ပေါ် နှစ်ခုစလုံး၌ ခိုးကူးကာရာအိုကေ ဓာတ်ပြား စုစုပေါင်း ၈၈၈၂ ချပ် သိမ်းဆည်းရမိခဲ့ကြောင်း။

ယင်းဓာတ်ပြားများကိုလည်း ယခုအခမ်းအနားတွင် ဖျက်ဆီးသွားမည်ဖြစ်ကြောင်း၊ ခိုးကူး ရောင်းချသူများကိုလည်း ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်း၊ နောင်ကိုလည်း ယခုကဲ့သို့ ဆင်ဆာမဲ့ ဗီဒီယိုတိပ်ခွေ၊ ဓာတ်ပြားခွေ၊ ခိုးကူး ကာရာအိုကေ ဓာတ်ပြားများကို ထိထိ ရောက်ရောက် ဖမ်းဆီးအရေးယူသွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးဘိုကြည်က ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ဗီဒီယိုလုပ်ငန်း အဆင့်အတန်း ခေတ်မီတိုးတက်မြင့်မားလာစေရေး၊ နိုင်ငံတော် ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးကို အကျိုးပြုစေမည့်ဗီဒီယို တိပ်ခွေများ ပေါ်ထွန်းလာစေရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးကို အထောက်အကူဖြစ်စေမည့် ဗီဒီယိုတိပ်ခွေများပေါ်ထွန်းလာစေရေးတို့ကို ဆောင်ရွက်လျက်ရှိရာတွင် အနှောင့်အယှက်အဟန့်အတားဖြစ်စေသည့် မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ဓလေ့စရိုက်ကို ပျက်ပြားစေမည့် သရုပ်ပျက် ဗီဒီယိုတိပ်ခွေများကို တားမြစ်ပိတ်ပင်နိုင်ရန် ဗီဒီယို လုပ်ငန်းကို အကြောင်းပြုပြီး ပေါ်ပေါက်လာသည့် မသမာမှုများကို ထိန်းသိမ်း တားဆီးနိုင်ရန်အတွက် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးနောက် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းကာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ဗီဒီယိုအခြေခံအဖွဲ့ခွဲအဆင့်ဆင့်နှင့်အတူ ဝိုင်းဝန်းတားဆီးဖော်ထုတ် ထိန်းသိမ်းပေးနိုင်သည့် ဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ၏ ရည်ရွယ်ချက်များကို အောင်မြင်စေရန် ဆောင်ရွက်လျက်ရှိကြောင်း။

တိုးတက်များပြားလာ

တစ်ဖက်က ဗီဒီယိုနှင့်ပတ်သက်၍ တိုးတက်ထွန်းကားစေရေးအတွက် ဆောင်ရွက်နေသလို တစ်ဖက်က ဆုတ်ယုတ်စေမည့် ကိစ္စရပ်များကို တားဆီးထိန်းသိမ်းနိုင်မှုနှင့် ပတ်သက်ပြီး အထိုက်အလျောက် အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ယခုကဲ့သို့ နှစ်စဉ်ပုံမှန်ဖျက်ဆီးနိုင်မှုများ ထိထိရောက်ရောက် ပြစ်ဒဏ်များချမှတ်ပြီး အရေးယူဆောင်ရွက်မှုများ၊ မသိနားမလည်၍ တစ်ကြိမ်တစ်ခါကျူးလွန်ဖောက်ဖျက်သူများကို ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီနှင့် ပြည်နယ်၊ တိုင်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီများ၏ အခွင့်အာဏာအတွင်းမှ အရေးယူဆောင်ရွက်နိုင်ခဲ့မှုများက ဖော်ပြလျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်နေသည့်ကြားက တိုးတက်မှုနှင့် ဒွန်တွဲနေသည့် ဆုတ်ယုတ်မှုများ ဖြစ်အောင် ကျူးလွန်ဖောက်ဖျက်နေမှုများသည်လည်း လျော့ကျသွားမှုမရှိဘဲ တိုးတက်များပြားလာသည်ကိုလည်း စိစစ်တွေ့ရှိရကြောင်း။

ယနေ့ဖျက်ဆီးသည့် အခမ်းအနားတွင် အမျိုးသားထောက်လှမ်းရေးအဖွဲ့က ဖော်ထုတ်သိမ်းဆည်းခဲ့သည့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့် ညီညွတ်မှုမရှိသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယို လေဆာဓာတ်ပြားများ ပါရှိသကဲ့သို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ပြည်နယ်/တိုင်းအသီးသီးမှ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီအဆင့်ဆင့်နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ဗီဒီယိုအခြေခံအဖွဲ့ခွဲအဆင့်ဆင့်၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ဖော်ထုတ်သိမ်းဆည်းရမိသော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥဒေပနှင့် ညီညွတ်မှုမရှိသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများပါရှိကြောင်း၊ ယင်းဗီဒီယိုတိပ်ခွေနှင့် ဗီဒီယိုလေဆာဓာတ်ပြားများကို ဆန်းစစ်ကြည့်လျှင် အတန်းအစားသုံးမျိုး ခွဲခြားနိုင်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ပထမအတန်းအစားမှာ အကျင့်စာရိတ္တကိုပျက်ပြားစေပြီး မြန်မာလူမျိုးတို့၏ အကျင့်စရိုက်နှင့် လုံးဝ မကိုက်ညီသည့် ညစ်ညမ်းဗီဒီယိုတိပ်ခွေများနှင့် ဗီဒီယိုလေဆာဓာတ်ပြားများ၊ ဒုတိယအတန်းအစားမှာ နိုင်ငံခြားဗီဒီယိုတိပ်ခွေနှင့် ဗီဒီယိုလေဆာ ဓာတ်ပြားများနှင့် တတိယအတန်းအစားမှာမူ ပြည်တွင်းထုတ်လုပ်သူများမှ တရားဝင်ထုတ်လုပ်ထားသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကို မသမာမှုပြုလုပ်ပြီး ခိုးယူကာ စီးပွားရေးအရ ကူးယူ၊ ဖြန့်ချိ၊ ငှားရမ်း၊ ပြသမှု ဆောင်ရွက်နေသော ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများပင်ဖြစ်ကြောင်း။

ပထမနှင့် ဒုတိယအမျိုးအစားများမှာ မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ဓလေ့စရိုက်ကို ပျက်ပြားစေမည့်အပြင် ပြည်သူများ၏ အကျင့်စာရိတ္တကိုပါ ထိပါးစေနိုင်ပြီး တတိယအမျိုးအစားမှာမူ ဥပဒေဘောင်အတွင်းက မှန်မှန်ကန်ကန် လုပ်ကိုင်နေသည့် လုပ်ငန်းရှင်များ၏ ကြိုးစားအားထုတ်ချက်များ၊ အနုပညာရှင်များ၏ အနုပညာဖန်တီးမှုများကို မတရားရယူ ခေါင်းပုံဖြတ်ဆောင်ရွက်ခြင်းဖြစ်သည့် ဗွီဒီယိုလုပ်ငန်းနှင့်ပတ်သက်ပြီး ဖြစ်ပေါ်နေသော စီးပွားရေးမသမာမှုတွေပင် ဖြစ်ကြောင်း။

စာမျက်နှာ ၁၃ ကော်လံ ၁

ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့် ညီညွတ်မှုမရှိသော ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယိုလေဆာဓာတ်ပြားများနှင့် ဒီဂျစ်တယ်ဗီဒီယိုလေဆာဓာတ်ပြားများကို ဖျက်ဆီးပစ်စဉ်။

(သတင်းစဉ်)

စာမျက်နှာ ၁၂ မှ

တရားမဝင်ကူးယူပြီး ဖြန့်ချိ ရောင်းချနေသည့် ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယိုလေဆာခာတ်ပြားများကို သိမ်းဆည်းရမိခဲ့မှုအပေါ်မူတည်ပြီး နှစ်စဉ် ကျင်းပနေကြဖြစ်သော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့် ညီညွတ်မှုမရှိသည့် ဗီဒီယိုတိပ်ခွေများမီးရှို့ဖျက်ဆီးရာတွင် ၁၉၉၉ ခုနှစ်မှစ၍ နောက်ဆုံးမီးရှို့ဖျက်ဆီးခဲ့သည့် ၂၀၀၂ခုနှစ်အထိ နိုင်ငံခြားညစ်ညမ်း ဗီဒီယိုတိပ်ခွေနှင့် ဗီဒီယိုလေဆာခာတ်ပြား ၆၃၉ ချပ်၊ ဆင်ဆာမဲ့နိုင်ငံခြားဇာတ်လမ်း ဗီဒီယိုတိပ်ခွေနှင့် ဗီဒီယိုလေဆာခာတ်ပြား ၄၃၈၇၁ချပ်၊ ဆင်ဆာခွင့်ပြုထားသော မြန်မာဇာတ်လမ်းနှင့် ကာရာအိုကေတေးစုများကို ထုတ်လုပ်သူ၏ ခွင့်ပြုချက်မရရှိဘဲ တရားမဝင် ကူးယူထားသည့် တစ်နည်းအားဖြင့်ဆိုသော် ခိုးကူးထားသည့် ဗီဒီယိုတိပ်ခွေနှင့် ဗီဒီယိုလေဆာခာတ်ပြား ၇၉၁၄၀ ရှိပြီးဖြစ်ကြောင်း။

နှိုးဆော်ချက်များ

မသိနားမလည်၍ ကျူးလွန်ဖောက်ဖျက်မှုများမရှိစေရန်နှင့် ကျူးလွန်ဖောက်ဖျက်မိပါက ထိုက်သင့်သောပြစ်မှုနှင့်ပြစ်ဒဏ်များကို ပြည်သူများသိရှိစေရန်အတွက် နေ့စဉ်ထုတ် သတင်းစာများ၊ ဂျာနယ်စာစောင်များတွင် ၂၀၀၀ပြည့်နှစ်မှစတင်ပြီး သတိပေးနှိုးဆော်ချက်များစဉ်ဆက်မပြတ် ထည့်သွင်းဖော်ပြပေးလျက်ရှိကြောင်း။

ဝိုင်းဝန်းဆောင်ရွက်

နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ပြီး ဗီဒီယိုလုပ်ငန်းကို အကြောင်းပြုပြီး ပေါ်ပေါက်လာသည့် မသမာမှုများကို ကျူးလွန်နေသည့်အတွက် စိစစ်တွေ့ရှိသည့်အခါတွင် ပစ္စည်းသိမ်း၊ သိမ်း၍ရသည့်ပစ္စည်းကို ဖျက်ဆီး၊ လူပုဂ္ဂိုလ်ကိုတရားဥပဒေအရ တရားစွဲဆိုအရေးယူမှုများကို နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်စာစောင်များ၊ ရုပ်မြင်သံကြားနှင့်အသံလွှင့်ဌာနများမှ အသိပေးဆောင်ရွက်နေသော်လည်း လျော့ကျပျောက်ကွယ်မှုမရှိခဲ့လျှင် ပိုမိုထိရောက်ပြင်းထန်သည့် အရေးယူမှုမျိုးကို ဆက်လက်ဆောင်ရွက်သွားမည်ဆိုသည်ကို အသိပေးတင်ပြလိုကြောင်း၊ အရေးယူနိုင်ရေးအတွက် တက်ရောက်လာသည့် တာဝန်ရှိသူများနှင့်ပြည်သူလူထုကို မီဒီယာမှတစ်ဆင့် အသိပညာပေးနေသည့် စာပေပညာရှင်အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ ဌာနကြီးမှူး ဗိုလ်မှူးချုပ် သန်းထွန်းနှင့် ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသည့် ဖျက်ဆီးမည့် ဗီဒီယိုတိပ်ခွေများနှင့် လေဆာခာတ်ပြားများကို ကြည့်ရှုစစ်ဆေးကြသည်။

နင်းချေဖျက်ဆီး

ထို့နောက် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့် ညီညွတ်မှုမရှိသော ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယိုလေဆာခာတ်ပြားများနှင့် ဒီဂျစ်တယ်ဗီဒီယိုလေဆာခာတ်ပြားများကို လမ်းကြိတ်စက်များဖြင့် နင်းချေဖျက်ဆီးပြီးနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)ပထမအကျော့တင်းနစ်ပြိုင်ပွဲ မြန်မာတင်းနစ်အားကစားသမားများ ဗိုလ်လုပွဲသို့တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၄

အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ် (ITF)နှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် (TFM) တို့ ကြီးမှူးကျင်းပသော အသက် (၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) ပထမအကျော့ တင်းနစ်ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက် ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co., Ltd.)၊ အတွင်းရေးမှူး ဒေါက်တာတင်အောင်လင်း (Aung Mingalar Co., Ltd.)နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ တင်းနစ်အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ယနေ့ ကျင်းပသည့် အမျိုးသား တစ်ဦးချင်း အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် နှစ်ယောက်တွဲအကြိုဗိုလ်လုပွဲ ပွဲစဉ်များတွင် မြန်မာအသင်းမှ အားကစားသမားများအနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ အသီးသီးတက်ရောက်သွားကြသည်။

အမျိုးသား တစ်ဦးချင်း အကြိုဗိုလ်လုပွဲ ပွဲစဉ်များတွင် မြန်မာအသင်းမှ ဖြိုးမင်းသာက မလေးရှားမှ Shanmugam ကို ၆-၀၊ ၆-၄ ဖြင့် လည်းကောင်း၊ မြန်မာအသင်းမှ ဇင်ဘိုက သီရိလင်္ကာမှ Dinesh Kanthan ကို ၇-၆၊ ၈-၆၊ ၆-၃ ဖြင့် လည်းကောင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

အမျိုးသား နှစ်ယောက်တွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် တစ်နိုင်ငံတည်း မြန်မာအသင်းမှ ဖြိုးမင်းသာနှင့် ဝင်းထက်ပိုင်တို့အတွဲက ဇင်ဘိုနှင့် အောင်ကျော်နိုင်တို့အတွဲကို ၆-၄၊ ၆-၀ ဖြင့် လည်းကောင်း၊ ပါကစ္စတန်မှ Babar နှင့် Nazir တို့ အတွဲက မလေးရှားမှ Kwang နှင့် Shanmugam တို့အတွဲ ဒဏ်ရာရပြီး မပြိုင်နိုင်တော့သဖြင့် (W/O) ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

တက်ရောက်

အမျိုးသမီး တစ်ဦးချင်း အကြိုဗိုလ်လုပွဲစဉ်များတွင် မလေးရှားမှ Noordin က မလေးရှားမှ Thirumalai Chelvam ကို ၆-၂၊ ၆-၄ ဖြင့် လည်းကောင်း၊ သီရိလင်္ကာမှ Arudpragasam က မလေးရှားမှ Vythinathan ကို ၆-၄၊ ၆-၂ ဖြင့် လည်းကောင်း အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသမီးနှစ်ယောက်တွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် မလေးရှားမှ Thirumalai Chelvam နှင့် Vythinathan တို့အတွဲက မြန်မာအသင်းမှ မိုးချစ်သဲနှင့် ခိုင်ငြိမ်း သာ တို့အတွဲကို ၇-၅ ၊ ၆-၄ ဖြင့်လည်းကောင်း၊ မလေးရှားမှ Noordin နှင့် သီရိလင်္ကာမှ JayatiIlaka တို့အတွဲက သီရိလင်္ကာမှ Arudpragasam နှင့် Jayawickrema တို့အတွဲကို ၂-၆၊ ၆-၄ ၊ ၆-၂ ဖြင့်လည်းကောင်း အနိုင်ရပြီး ဗိုလ်လုပွဲသို့တက်ရောက်သွားသည်။

ပထမအကျော့ဗိုလ်လုပွဲ ပွဲစဉ်များကို ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ကြည့်ရှုအားပေး

အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) ပထမအကျော့ တင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲသို့ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်းနှင့် ဧည့်သည်တော်များ ကြည့်ရှုအားပေးကြစဉ်။

(မြန်မာ့အလင်း)

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၃)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၄



စီးတီးအက်ဖ်အမ်၏ ဂီတဆုရုပ်ကြွဒီဇိုင်းအတည်ဖြစ်ထွက်ပေါ်လာ၊ပြည်ပပို့ကုန်များအတွက် အက်ဖ်အိုဘီစနစ်ဖြင့်သာ စာချုပ်ချုပ်ဆိုခွင့်ပြုမည်၊ ချင်းတွင်း ကိုကိုးကျွန်းသို့ ပြေးဆွဲမည်၊ မြန်မာကျောင်းသူတစ်ဦး အင်္ဂလန်တွင် ရွှေတံဆိပ်ဆုရရှိ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူအချို့ အနောက်တိုင်းရင်းဆေးဝါးများကို ထည့်သွင်းထုတ်လုပ်ကြသဖြင့် တားဆီးအရေးယူ စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ထွက်ရှိနေသည်။

လေဆိပ်များတွင် နည်းသစ်ခြေတင်ယာဉ်များဖြင့် ရဲဝန်ထမ်းများကင်းလှည့်တော့မည်၊ တရုတ်တွင် ဆားစ်ရောဂါပြန်ဖြစ်သဖြင့် ကြောင်ကတိုးများကို သုတ်သင်၊ ကြက်သွန်ဖြူဓာတ်က ကင်ဆာကိုခြေရာကောက်လျက် ဖျက်ဆီးနိုင် စသည့် နိုင်ငံတကာသတင်း ဆောင်းပါးများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစား ကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း- ၇၀၃၈၁၃က ဖြန့်ချိလိုက်ပြီဖြစ်သည်။

(အပေါ်ပုံ) (က-ပ)

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ဘဏ္ဍာ/ အခွန်က ဆောက်လုပ်ရေးကိုဂိုးပြတ်နိုင်

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ပွဲကွင်း၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာ/အခွန်အသင်းက ဆောက်လုပ်ရေးအသင်းကို ငါးဂိုး-ဂိုး မရှိဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲ

ဇန်နဝါရီ ၁၅ ရက်(ယနေ့) ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ တပ်မတော်(ကြည်း)အသင်းနှင့် ပတ္တမြားနဂါးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ယနေ့ကျင်းပသည့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့် ညီညွတ်မှုမရှိသော ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယိုလေဆာခာတ်ပြားများနှင့် ဒီဂျစ်တယ်ဗီဒီယို လေဆာခာတ်ပြားများ ဖျက်ဆီးမှုတွင် မြန်မာ/နိုင်ငံခြား ဗီဒီယိုခွေပေါင်း ၅၃၉၇ ခွေ၊ ဗီဒီယိုလေဆာခာတ်ပြား အချပ်ပေါင်း ၄၄၆၉၀၊ ဒီဂျစ်တယ် ဗီဒီယိုလေဆာခာတ်ပြား ၅၈၄ ချပ်၊ တေးသီချင်း တိပ်ခွေ ၅၄၃၅ ခွေနှင့် လေဆာ ခာတ်ပြား နှစ်ချပ်တို့ ပါဝင်ပြီး စုစုပေါင်း ကာလတန်ကြေး ငွေကျပ် သိန်း ၃၀၀ ခန့်ဖြစ်သည်။ **(သတင်းစဉ်)**

တရားမဝင်ဆင်ဆာမဲ့ မြန်မာကာရာအိုကေ ဗီစီဒီအချပ်များ ကူးယူဖြန့်ချိနေသူများအား ဖမ်းဆီးအရေးယူ

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်းအတွင်း တရားမဝင်ဆင်ဆာမဲ့ မြန်မာကာရာအိုကေဗီစီဒီအချပ်များကို ကူးယူဖြန့်ချိနေသူများအား ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးသည် ရန်ကုန်တိုင်း ဗီဒီယိုအခြေခံအဖွဲ့နှင့်အတူ ဖော်ထုတ်ဖမ်းဆီး အရေးယူခဲ့သည်။

ဖြစ်စဉ်မှာ ယနေ့တွင် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး၊ ထောက်လှမ်းရေး/နိုင်ငံရေးဌာနစုမှတပ်ဖွဲ့ဝင်များသည် ရန်ကုန်တိုင်း ဗီဒီယိုအခြေခံအဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် သက်သေများနှင့်အတူ သတင်းအရ သာကေတမြို့နယ် (၄)မြောက်ရပ်ကွက် အောင်ရတနာ (၁၄)လမ်းအရှေ့ အမှတ်(၅၂)နေ အောင်မိုး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်နောက်ခန်းအတွင်း ဆင်ဆာမဲ့ မြန်မာကာရာအိုကေ ဗီစီဒီအချပ်များ တရားမဝင်ကူးယူရာတွင် အသုံးပြုသည့် ကူးစက်များ၊ ဆက်စပ်ပစ္စည်းများနှင့် မြန်မာကာရာအိုကေ မူရင်း ဗီစီဒီအချပ် ၉၀၊ တရားမဝင် ကူးယူထားသည့် ဆင်ဆာမဲ့ မြန်မာကာရာအိုကေ ဗီစီဒီအချပ် ၃၂၀၊ ညစ်ညမ်းဇာတ်ကား ဗီစီဒီအချပ် ၃၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ဗိုလ်တထောင်မြို့နယ် အမှတ်(၇)ရပ်ကွက် (၄၂)လမ်း အမှတ်(၂၂) မြေညီထပ်နေ ဖြိုးသီဟ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်ထပ်ခိုးအပေါ်ထပ် နောက်ခန်းအတွင်း တရားမဝင်ကူးယူရာတွင်အသုံးပြုသည့် ကူးစက်များ၊ ဆက်စပ်ပစ္စည်းများနှင့် မြန်မာကာရာအိုကေ မူရင်းဗီစီဒီအချပ်၁၆၊ ဆင်ဆာမဲ့ မြန်မာကာရာအိုကေဗီစီဒီအချပ်၃၃၈၊ ညစ်ညမ်းဇာတ်ကား ဗီစီဒီအချပ်၃၁တို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့နောက် ပုဇွန်တောင်မြို့နယ် အမှတ်၁ရပ်ကွက် ၅၂လမ်း အမှတ် ၁၁၀ အခန်း၉/ဘီနေ နိုင်ဝင်းအောင်၏နေအိမ်သို့ ဆက်လက်ရှာဖွေရာ နေအိမ်အပေါ်ထပ် ထပ်ခိုးပေါ်မှ ဆင်ဆာမဲ့ မြန်မာကာရာအိုကေ ဗီစီဒီအချပ်၁၅၀၀နှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

ဆင်ဆာမဲ့ ကာလာအိုကေ ဗီစီဒီအချပ်များနှင့် ညစ်ညမ်းဇာတ်ကား ဗီစီဒီအချပ်များကို တရားမဝင် ကူးယူဖြန့်ချိနေသူ အောင်မိုး၊ဖြိုးသီဟနှင့် နိုင်ဝင်းအောင်တို့အားသက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများက အသီးသီး အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းအတွင်း တရားမဝင် ဆင်ဆာမဲ့ မြန်မာကာရာအိုကေ ဗီစီဒီအချပ်များ၊ ကူးစက်များနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။
(သတင်းစဉ်)

မဟာဒွါရနိကာယ(သာသနပါလ) စာမေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဓမ္မာနုဓမ္မ မဟာဒွါရနိကာယ ဂိုဏ်းလုံးဆိုင်ရာ (သာသနပါလ) စာမေးပွဲကြီးကို ဇန်နဝါရီ၁၅ရက်(တနင်္လာနေ့)မှစ၍ ၁၈ရက်(ဗုဒ္ဓဟူးနေ့)အထိ ဘိုကလေးမြို့ ဓမ္မိကာရာမ(ဒွါရ) ကျောင်းတိုက်၊ ဓနုဖြူမြို့ တောင်ပေါ်ကျောင်းတိုက်၊ ပန်းတနော်မြို့ သီဟိုဠ်ကျောင်းတိုက်၊ မွန်ပြည်နယ် ရေးမြို့နယ် ကျောက်မိချောင်းရွာ ရတနာပုံကျောင်းတိုက် စာဖြေဌာနအသီးသီးတို့၌ ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၄ ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် Myanmar Professional Golfers Association (MPGA) နှင့် Myanmar Golf Federation (MGF) ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က ပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (မြန်မာ့အလင်း)

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ ကြွခဲ့ပါ

❖ **ကယားတိုင်းရင်းသားရိုးရာ ကောက်သစ်စားပွဲတော်**ကို ဇန်နဝါရီလ ၁၅ ရက်မှ ၁၉ ရက်နေ့ထိကျင်းပမယ်–
- * ကယားတိုင်းရင်းသားရိုးရာ အကဖျော်ဖြေတင်ဆက်မှုများ၊ ရိုးရာခြင်းအလု ခတ်ပြပွဲ၊ သားသားမီးမီးတို့ ပျော်ရွှင်စေဖို့ မျက်လှည့်ပြပွဲတွေရှိနေမယ်။
- * ဇန်နဝါရီ ၁၇ နဲ့ ၁၈ မှာ မင်းသမီးမြင့်မြင့်ကြည်၊ ဟာသလူရွှင်တော်မန်းဝင်း၊ ရာဇာ၊ ပေါက်စီ၊ ပြာလောင် တို့ ပါဝင်တဲ့ **မြန်မာ့ဂုဏ်ရည်** အငြိမ့်ပွဲရှိမယ်။
- * ကယားရိုးရာ အားကစားပြိုင်ပွဲတွေမှာ ပါဝင်ဆင်နွှဲနိုင်တဲ့အပြင် အဆိုဝါသနာပါသူများအတွက် သီချင်းဆိုပြိုင်ပွဲရှိမယ်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြီးမှာ

❖ လေ့လာလိုသူများအတွက် တိုင်းရင်းသားအလှသဘာဝနဲ့ ချစ်စရာဓလေ့ တွေရှိတယ်။
❖ အနုပညာရှင်များအတွက် လှပဆန်းသစ်တဲ့ရိုက်ကွင်းကောင်းတွေရှိတယ်။
❖ အပန်းဖြေအနားယူလိုသူများ၊ ပျော်ပွဲစားထွက်လိုသူများအတွက် သဘာဝ အရိပ်ကွင်းတွေ၊ အပန်းဖြေတဲတွေ၊ သားသားမီးမီးတို့အတွက် Free Game ကစားကွင်းတွေရှိတယ်။
❖ နန်းမြင့်မျှော်စင်ပေါ်ကနေ သဘာဝရှုခင်းအလှတွေ ကြည့်ရှုခံစားနိုင်တယ်။

နေ့စဉ်ပိတ်ရက်မရှိ၊ နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ
ဝင်ကြေး လူကြီး ကျပ် ၅၀၊ ကလေး ၂၅ ကျပ်၊ နိုင်ငံခြားသား 3 FEC မည်သူမဆိုဝင်ရောက်နိုင်ပါသည်။
(အမှတ် ၃၂ နှင့် အမှတ် ၄၉ (အဝါ) ကားများတိုက်ရိုက်ရောက်ပါသည်။)

ဇန်နဝါရီမောင်နှမအတွက် မွေးနေ့ဆုမွန်

Nyein Chan Oo (29.˚1.˚2004)
B.A (Music) YUC.Ygn

May Khine Linn (15˚.˚1.˚2004)
Dip: in Electrical Communication
(Nanyang Polytechnic)
Assistant Engineer (Showa Denko S'pore Ltd:)

တို့၏မွေးနေ့များမှသည် နှစ်ပေါင်းများစွာတိုင် ကျန်းမာရွှင်လန်းကာ ထူးချွန်ထက်မြက်၍ အောင်မြင်မှုများ ရရှိနိုင်ပါစေ။

ဖေကြီး၊ မေကြီးနှင့် ညီမလေး အေးဖြူဖြူ(ဒဂုံ၊ အထက-၁)။

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာ

ချစ်ဖေဖေ–ဦးမြင့်အောင် [B.E(Civil)၊ ဒု-အင်ဂျင်နီယာမှူးကြီး၊ သန်ခင်း–တာကော လမ်းအပိုင်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ကျိုင်းတုံမြို့]

နှင့်

ချစ်မေမေ–ဒေါ်ခင်မမ [B.Sc (Maths)] တို့၏ ၁၄-၁-၂၀၀၄ ရက်နေ့တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင် ချစ်သောသားသမီးတို့နှင့် အတူ ဘဝခရီးတစ်လျှောက် ကျန်းမာ၊ ချမ်းသာ ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းလျက်–

ချစ်သား – ဝင်းမင်းအောင်
(Associate Engineer, Infineon Technology, Singapore)

ချစ်သမီး – ခင်သန္တာအောင်
(Dip;in Manuracporing Singapore)

အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူဒေါ်မြမြဆွေ[၁၂/ဗဟန(နိုင်)၀၆၀၉၈၄]၊ တိုက်အမှတ်၁၁၃၊ စတုတ္ထထပ်၊ ဦးချစ်မောင်လမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေသူ၏ ညွှန်ကြားချက်အရ ဒေါ်မြမြဆွေမှ ဒေါ်မြမြအေး(ဂျေ/အာဂျီအင်န်-၀၅၁၁၆၇)၊ တိုက်အမှတ်၂၆၊ ၁၆၇လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်နေသူသို့ ၇-၁၀-၉၆ နေ့က နိုတြီပတ်ဗလစ်နှင့် တရားရုံးချုပ်ရှေ့နေဦးထွန်းအောင်ရှေ့မှောက်၌ လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင် အမှတ်-၀၈၅၈/၉၆ကို ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–

ဦးတင်ဦး(B.A, H.G.P, R.L)
အထက်တန်းရှေ့နေ(၁၂၃၄၄)
တိုက်အမှတ်၂၀၄၊ အခန်း၃၂၊ ရန်ရှင်းလမ်း၊(၃)ရပ်ကွက်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

၂၀၀၄ခုနှစ် မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးစီစဉ်ဆောင်ရွက်ထားမှုများသတင်းစာရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၁၄

အပြည်ပြည်ဆိုင်ရာ ဂေါက်သီးရိုက်နည်းပညာ တိုးတက်လေ့လာသိရှိနိုင်ရေး၊ မြန်မာ့ဂေါက်သီးရိုက် အကျော်အမော်များ စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေးကို ရည်ရွယ်လျက် Myanmar Professional Golfers Association (MPGA)၊ Asian Professional Golfers Association (APGA) နှင့် Octagon တို့ ပူးပေါင်း၍ Rothmans of Pall Mall Myanmar Pte. Limited က အမိကပံ့ပိုးမည့် ၂၀၀၄ ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Open 2004 Golf Tournament) ကျင်းပရေးနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် Grand Bauroom ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲသို့ MPGA နှင့် Myanmar Golf Federation (MGF) ဥက္ကဋ္ဌ ဗိုလ်ချုပ် ဝင်းလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်၊ Rothmans of Pall Mall Myanmar Pte., Ltd. ဒုတိယမန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီးအောင်စန်းနှင့် တာဝန်ရှိသူများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အထူးအရာရှိ ဗိုလ်မှူးကြီး စိုးဝင်း၊ ညွှန်ကြားရေးမှူး(သတင်း) ဦးလှထွန်းနှင့် သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင် သတင်းထောက်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ မြန်မာ့လက်ရွေးစင်ဂေါက်သီးရိုက် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ် ဝင်းလှိုင်က ၂၀၀၄ ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ပဏာမ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ Rothmans of Pall Mall Myanmar Pte.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Arend Ng က ၂၀၀၄ ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပံ့ပိုးကူညီသွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် MPGA အထွေထွေအတွင်းရေးမှူး ဦးချမ်းဟန်က ၂၀၀၄ ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားမှုအခြေအနေကို ရှင်းလင်းပြောကြားပြီး Myanmar Star Player ဦးကြည်လှဟန်က APGA နှင့် မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက် အားကစားသမားများ ကိုယ်စား နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် သတင်းစာ ဆရာများ၊ တာဝန်ရှိသူများ၏ မေးမြန်းချက်များကို ဗိုလ်ချုပ်ဝင်းလှိုင်၊ Mr. Arend Ng နှင့် တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားကြပြီး မြန်မာ့လက်ရွေးစင်ဂေါက်သီးရိုက် အားကစားသမားများနှင့် အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

ဆုချီးမြှင့်မည်

၂၀၀၄ ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့ ဒဂုံကုန်းရှိ Yangon Golf Club ၌ ကျင်းပသွားမည်ဖြစ်ပြီး ပထမဆုကို အမေရိကန်ဒေါ်လာ ၃၂၃၀၀၊ ဒုတိယဆုကို အမေရိကန်ဒေါ်လာ ၂၂၂၆၀၊ တတိယဆုကို အမေရိကန်ဒေါ်လာ ၁၂၄၀၀ အပါအဝင် ဆုကြေးငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၀၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်သည်။

ပံ့ပိုးကူညီ

